တိုင်းရင်းသား
လူမျိုးများရေးရာစင်တာ
(Ethnic
Nationalities
Affairs Center)

# သုတေသနစာတမ်းတို
# (Research Brief)

၂၀၂၃ ခုနှစ်၊ ဇွန်လ

**ENAC အကြောင်း**

တိုင်းရင်းသားလူမျိုးများရေးရာ စင်တာ (Ethnic Nationalities Affairs Center) သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်သော သုတေသန အဖွဲ့အစည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်လာရေးကိုရှေးရှုလျက် နိုင်ငံရေးအစုအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝန်းများနှင့် ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ကျင်းပပြုလုပ်ခြင်း၊ မူဝါဒဆိုင်ရာ သုတေသနစာတမ်းများ ရေးသားပြုစု ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်လည်း နည်းပညာပိုင်းဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက http://www.burmaenac.org/ တွင် ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် info@burmaenc.org သို့ ဆက်သွယ်နိုင်ပါသည်။

## လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေမည့် ဖက်ဒရယ်စနစ် – မြန်မာနိုင်ငံအတွက် စဉ်းစားစရာများ

### စာတမ်းအကျဉ်းချုပ်

ဤစာတမ်းတွင် မြန်မာနိုင်ငံကဲ့သို့သော လူမျိုးပေါင်းစုံ သို့မဟုတ် တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံတွင် ဖက်ဒရယ်စနစ်ဖော်ဆောင်သည့်အခါ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေမည့် ဖက်ဒရယ်ဆိုင်ရာ အစီအမံများကို ရှာဖွေဖော်ထုတ်ကာ ရေးသားတင်ပြထားပါသည်။ ထို့အပြင် မြန်မာ့ နိုင်ငံရေးသမိုင်းကိုလည်း ခြုံငုံသုံးသပ်ထားပြီး မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူနည်းစုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုထားမှုနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ထားသည်။ ဤခြုံငုံသုံးသပ်ချက်များသည် မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများအား လိုက်လျောညီထွေဖြစ်စေရန် အထူးအစီအမံများရေးဆွဲချမှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြု တိုက်တွန်းချက်အချို့ ပေးထားပါသည်။





# မာတိကာ


**စာတမ်းအကျဉ်းချုပ်** ........................................ ၁

**၁) နိဒါန်း** ........................................ ၃

**၂) လူများစုနှင့် လူနည်းစုအကြား ဆက်ဆံရေးကို နားလည်ကြည့်ခြင်း။** ........................................ ၅

၂.၁) လူများစုနှင့် လူနည်းစုကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း ........................................ ၅

၂.၂) လူများစုနှင့် လူနည်းစုတို့အကြား ဆက်ဆံရေး ........................................ ၇

**၃) သဘောတရားပိုင်းဆိုင်ရာ ခြုံငုံသုံးသပ်ခြင်း - ဖက်ဒရယ်စနစ်နှင့် လူမျိုးစုတိုင်းရင်းသား လူမျိုးများကို လိုက်လျောညီထွေဖြစ်စေခြင်း။** ........................................ ၈

၃.၁) လူမျိုးပေါင်းစုံအခြေပြု ဖက်ဒရယ်စနစ်နှင့် နယ်မြေအခြေပြု ဖက်ဒရယ်စနစ် ........................................ ၉

၃.၂) မည်သည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံတွင်မဆို ချမှတ်ရမည့်အစီအမံများ ........................................ ၁၂

၃.၃) ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ချမှတ်နိုင်သည့် လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံများ ........................................ ၁၅

၃.၄) လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ........................................ ၁၈

**၄) မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေခြင်း။** ........................................ ၂၁

၄.၁) သမိုင်းကြောင်းဆိုင်ရာ ခြုံငုံတင်ပြခြင်း - မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ဘာကြောင့်ပျက်ကွက်ရသနည်း။ ........................................ ၂၁

၄.၂) မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံများ ........................................ ၂၄

၄.၃) မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေရန် ဖော်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားစရာများ ........................................ ၂၆

**၅) နိဂုံး** ........................................ ၂၈

**ကျမ်းကိုးစာရင်း** ........................................ ၃၀

အခန်း (၁)

# နိဒါန်း



အစိုးရနှစ်ရပ် (သို့) နှစ်ရပ်ထက်ပိုသော အစိုးရများအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့် (self-rule) နှင့် မျှဝေအုပ်ချုပ်ခွင့် (shared rule) တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အာမခံချက်ပေးထားသော နိုင်ငံရေး အစီအမံတစ်ခုဖြစ်သည့် ဖက်ဒရယ်စနစ်သည် လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံများ (multinational or multiethnic states) ၏ စုံလင်ကွဲပြားမှုကို လိုက်လျောညီထွေဖြစ်စေနိုင်သည့် နည်းလမ်း တစ်ခုအဖြစ် တင်ပြဆွေးနွေးမှုများပိုရှိလာသည်။ လူမျိုး/တိုင်းရင်းသားပေါင်းစုံရှိသည့် ယင်းနိုင်ငံများတွင် ကိုယ်ပိုင်အမှတ်လက္ခဏာများ (identities) သည် အမျိုးမျိုးကွဲပြားမှုရှိသော်လည်း တစ်ခုနှင့်တစ်ခုထပ်နေ နိုင်သည်ဟူသည့် အချက်နှင့်အတူ ဖက်ဒရယ်စနစ်ဆိုသည်မှာ "မတူညီသော လူမှုအသိုင်းအဝန်းများသည် နိုင်ငံတစ်ခုတွင် အတူတကွ နေထိုင်နိုင်သည်။ ယင်းလူမှုအသိုင်းအဝိုင်းများ၏ အဖွဲ့ဝင်များသည် အမှတ် လက္ခဏာနှင့် ဆက်နွယ်မှုအမျိုးမျိုးရှိကြပြီး ၎င်းတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာများ ဖွံ့ဖြိုးတိုးတက်မှု ရှိစေရန်နှင့် မတူညီသောအုပ်စုများအကြား ငြိမ်းချမ်းသောဆက်ဆံရေးများ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတစ်ခု၏ အစိုးရအရပ်ရပ်ကို အားထားကြသည် (Karmis and Norman, 2005:8)။" ဖက်ဒရယ်စနစ်၏ အခြေခံဖွဲ့စည်းပုံမှာများသောအားဖြင့် ပထဝီနယ်မြေကို အခြေပြုသည့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း အစီအမံ၊ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာကို ဗဟိုအစိုးရနှင့် အဖွဲ့ဝင်ယူနစ်များအကြား ခွဲဝေခြင်းဖြစ် သောကြောင့် တိုင်းရင်းသား (သို့) လူမျိုးစုလူနည်းစုအုပ်စုများ (ethnic or national minorities)[၁] ကို ကာကွယ်နိုင်ပြီး ယင်းလူမျိုးစုလူနည်းစုအုပ်စုများသည် အဖွဲ့ဝင်ယူနစ်များတွင် အဓိကလူများစု အုပ်စု တစ်ခုအဖြစ် ဖန်တီးပေးနိုင်သည့်အခွင့်အရေးပေး ရှိနိုင်သည်။ သို့သော် ပထဝီနယ်မြေအခြေခံသည့် အစီအမံ သည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ အဖွဲ့ဝင်ယူနစ်များအတွင်း တိုင်းရင်းသား (သို့) လူမျိုးစု လူနည်းစုအုပ်စုအသစ် များကိုလည်း ဖန်တီးပေးနိုင်သည်။ ယင်းလူနည်းစုအုပ်စုအသစ်များကို 'လူနည်းစုများအတွင်းမှ လူနည်းစု များ (minorities within minorities)' ဟု ရည်ညွှန်းကြပြီး ၎င်းတို့သည် "ဒေသတွင်းလူများစု (local majority) ၏ ကြီးစိုးမှုနှင့် ဖိနှိပ်မှုကို စိုးရိမ်ကြောင့်ကြ" ရလေ့ရှိသည်။ ယင်းစိုးရိမ်ကြောင့်ကြမှုသည် "ပဋိပက္ခ ဖြစ်ပွားမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိုင်ငံတော်ကို ပိုသေးငယ်သော တိုင်းရင်းသားအခြေပြုယူနစ်များ အဖြစ် အစိတ်စိတ်အမွှာမွှာ ဖြစ်စေမှု" သို့ တွန်းပို့သွားနိုင်သည် (Bisarya, 2020:1)။

နိုင်ငံလုံးဆိုင်ရာ လူများစု (သို့) ဒေသတွင်း လူများစုအုပ်စုများ၊ အထူးသဖြင့် လူနည်းစုများကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရန် ငြင်းဆန်သည့် အုပ်စု နှင့်/သို့မဟုတ် လူနည်းစုများကို ကြီးစိုးမှုရှိသည့် လူများစုယဉ်ကျေးမှုထဲသို့ ပေါင်းစည်းရန် နှင့်/သို့မဟုတ် သွတ်သွင်းရန် ကြိုးပမ်းသည့် လူမျိုးစုအုပ်စုသည် လူနည်းစုများ၊ ထို့အပြင် လူနည်းစုများအတွင်းရှိ လူနည်းစုများ၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ အပေါ် ခွဲခြားဆက်ဆံသည့် သာဓကများစွာရှိသည်။ ဤနေရာတွင် လူများစုအုပ်စုများ (The majority groups) မှာ "အချုပ်အခြာအာဏာပိုင် အသိုင်းအဝိုင်းတစ်ခုကို လူမျိုးစုတစ်ခု၏ ယဉ်ကျေးမှုနှင့် ထပ်တူ

---

၁ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် ဤစာတမ်းတွင် အင်္ဂလိပ်စကားလုံး "ethnicity" (သို့) "ethnic group" (သို့) "national race" နှင့် "ethnic nationality" တို့ကို သင့်သလို သုံးနှုန်းထားပြီး မြန်မာဘာသာတွင် "တိုင်းရင်းသားလူမျိုး" စကားလုံးကို ရည်ညွှန်းထားသည်။ အင်္ဂလိပ်ဘာသာဖြင့် တရားဝင်ထုတ်ပြန်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တိုင်းရင်းသား လူမျိုး" ကို "National race" ဟု သုံးနှုန်းထားသည်။ မြန်မာနိုင်ငံအစိုးရအဆက်ဆက်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးကို တရားဝင်အသိအမှတ်ပြုထားသော်လည်း ယင်းတိုင်းရင်းသားအုပ်စုအချို့မှာ အဓိက တိုင်းရင်းသားအုပ်စု (၈) ခု ဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားလူမျိုးတို့၏ အုပ်စုခွဲများ ဖြစ်ကြသည်။ ဤစာတမ်း တွင် ဖော်ပြထားသည့် လူမျိုးစုလူများစု (သို့) တိုင်းရင်းသားလူများစုသည် ဗမာတိုင်းရင်းသားအုပ်စုကို ရည်ညွှန်းပြီး လူမျိုးစု လူနည်းစု (သို့) တိုင်းရင်းသားလူနည်းစုများသည် ဗမာမဟုတ်သော တိုင်းရင်းသားအုပ်စုများ၊ အထူးသဖြင့် အခြားအဓိက တိုင်းရင်းသားလူမျိုး (၇) မျိုးကို ရည်ညွှန်းသည်။ ယင်းဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့ကိုယ်ကို အင်္ဂလိပ် လို ရည်ညွှန်းပြောဆိုသည့်အခါ အင်္ဂလိပ်စကားရပ် "ethnic nationalities" ကို ပိုနှစ်သက်သည့် သဘောရှိသည်။



ကျအောင် ရည်ရွယ်လုပ်ဆောင်သည့်” လူမျိုးအခြေပြု ဖက်ဒရယ်ဝါဒီများ (national federalists) ကို ဆိုလိုသည် (O’Leary, 2001:280)။ နိုင်ငံတော်တည်ဆောက်ရေး (nation-building) ဆိုင်ရာ ၎င်းတို့၏ ကြိုးပမ်းမှုများကို လူမျိုး (သို့) တိုင်းရင်းသားပေါင်းစုံ အခြေပြုဖက်ဒရယ်ဝါဒီများ (multinational or multiethnic federalists) က မကြာခဏစိန်ခေါ်လေ့ရှိသည်။ လူမျိုးစုပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံ အခြေပြုဖက်ဒရယ်ဝါဒီများက အနည်းဆုံးတိုင်းရင်းသားလူမျိုးနှစ်ခု၏ ယဉ်ကျေးမှုများ (two national or ethnic cultures) ကို ထုတ်ဖော်ပြသရန်၊ စနစ်တကျတည်ဆောက်ရန်နှင့် အကာအကွယ်ပေးရန် ကြိုးပမ်းလေ့ရှိသည့် (O’Leary, 2001:280)။”[၂] လူမျိုးစုအခြေပြု ဖက်ဒရယ်ဝါဒီများနှင့် လူမျိုးပေါင်းစုံအခြေပြု ဖက်ဒရယ်ဝါဒီများအကြား လွန်ဆွဲမှုသည်လူမျိုးစု (သို့) တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံများတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် မတရားမှုများကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်လာခဲ့သည်။ ထို့ကြောင့် လူများစုနှင့် လူနည်းစုများအကြား ဖြစ်နိုင်ချေရှိသည့် ပဋိပက္ခများကို ကြပ်မတ်ရန် (သို့) စည်းလုံး ညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို တည်ဆောက်ရန်အတွက် သင့်လျော်သော အစီအမံများကို ရေးဆွဲချမှတ်ပြီး ကျင့်သုံးခြင်းမပြုမီ ၎င်းတို့အကြား ဆက်ဆံရေးများ၏ သဘောသဘာဝကို နားလည်သဘောပေါက်ထားရန် အရေးကြီးပါသည်။

ဤစာတမ်းသည် လူမျိုးပေါင်းစုံ(သို့) တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံ/ဖက်ဒရယ်နိုင်ငံအတွင်း လူနည်းစု များအတွင်းမှ လူနည်းစုများကို အကာအကွယ်ပေးရန် မတူညီသောအစီအမံများနှင့် ချဉ်းကပ်မှုများကို လေ့လာတင်ပြသွားမည်။ ဤစာတမ်းသည် လွန်ခဲ့သည့် ဆယ်စုနှစ် (၇) ခုခန့်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိပြီးကတည်းက ၎င်း၏စုံလင်ကွဲပြားသော တိုင်းရင်းသားအုပ်စုများအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်ရာတွင် မအောင်မြင်ခဲ့သည့် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို ရေးဆွဲချမှတ်သည့်အခါ လူနည်းစုများအတွင်းမှ လူနည်းစုများကို သင့်လျော်စွာ (သို့) တရားမျှတစွာ မည်သို့ ကာကွယ်နိုင်သည်နှင့် ကိုယ်ပိုင်အစိုးရ (self-government) နှင့် ကိုယ်ပိုင်စီမံဆုံးဖြတ်ပိုင်ခွင့် (autonomy) ဆိုင်ရာ လိုလားချက်များကို ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်/ဒေသန္တရအဆင့်နှစ်ခုလုံးတွင် မည်သို့ ဖြည့်ဆည်းပေးနိုင်သည်ကို ဖော်ထုတ်သွားရန် ရည်ရွယ်ပါသည်။ မှန်ကန်သင့်လျော်စွာ ရေးဆွဲချမှတ်လျှင် ဖက်ဒရယ်စနစ်သည် မြန်မာနိုင်ငံရှိ လူများစုနှင့် လူနည်းစုတိုင်းရင်းသား အုပ်စုများအကြား ပဋိပက္ခအားလုံးကို အဆုံးသတ်ပြီး မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန် အလားအလာရှိသည့် နည်းလမ်းတစ်ခုဖြစ်နိုင်သည်ဟု ဤစာတမ်းက အဆိုပြုဆွေးနွေးထားသည်။ ဤစာတမ်းတွင် အဓိကပါဝင်သည့် အကြောင်းအရာကို အပိုင်း (၃) ပိုင်းဖြင့် ခွဲခြားထားသည်။ ၎င်းတို့မှာ လူများစုနှင့် လူနည်းစုအကြား ဆက်ဆံရေးများကို နားလည်ကြည့်ခြင်း၊ ဖက်ဒရယ်စနစ်နှင့် လူမျိုးစု လူနည်းစုများကို လိုက်လျောညီထွေ ဖြစ်စေခြင်းဆိုင်ရာ သဘောတရားများကို ခြုံငုံသုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံတွင် လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေနိုင်သည့် အစီအမံများတို့ ဖြစ်သည်။

---

၂ အာဏာများကို လူများစုအုပ်စုထံတွင် စုပုံထားသင့်ပြီး လူများစုအုပ်စု၏ ယဉ်ကျေးမှုသည် နိုင်ငံတော်ယဉ်ကျေးမှု ဖြစ်သင့်သည်ဟု လူမျိုးစုအခြေပြု ဖက်ဒရယ်ဝါဒီများက ယုံကြည်သည်။ သို့သော် လူမျိုးပေါင်းစုံ (သို့) ယဉ်ကျေးမှု ပေါင်းစုံအခြေပြု ဖက်ဒရယ်ဝါဒီများက လူများစုနှင့် လူနည်းစုတိုင်းရင်းသားအုပ်စုများအကြား အာဏာခွဲဝေမှုအစီအစဉ်သည် လူနည်းစုတို့၏ ယဉ်ကျေးမှုများကို လူများစုတိုင်းရင်းသားအုပ်စုကြီးစိုးမှုမှ ကင်းလွတ်အောင် ကာကွယ်ပေးသင့်သည်ဟု ယုံကြည်ကြသည်။

အခန်း (၂)

# လူများစုနှင့် လူနည်းစုအကြား ဆက်ဆံရေးများကို နားလည်ကြည့်ခြင်း။

## ၂.၁) လူများစုနှင့် လူနည်းစုကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း



လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း လူနည်းစုအခွင့်အရေးများသည် နိုင်ငံတကာနှင့် ပြည်တွင်း လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည် (Preece, 2014:3)။ ယုံကြည်စိတ်ချရသော ကျမ်းကိုးစာပေစာရင်းတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICCPR) ၏ အပိုဒ် ၂၇၊ ကုလသမဂ္ဂ၏ လူမျိုးရေး (သို့) တိုင်းရင်းသား၊ ကိုးကွယ်ရာဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုဝင်များ၏ အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်း၊ လူမျိုးရေးလူနည်းများကို အကာအကွယ်ပေးခြင်းဆိုင်ရာမူဘောင်စာချုပ်၊ ဒေသတွင်းနှင့် လူနည်းစု ဘာသာစကားများဆိုင်ရာ ဥရောပချာတာ၊ လူမျိုးရေးလူနည်းစုများဆိုင်ရာ မဟာမင်းကြီးရုံး (HCNM) မှထုတ်ပြန်သည့် အကြံပြုတိုက်တွန်းချက်များနှင့် လမ်းညွှန်မှုအမျိုးမျိုးတို့ ပါဝင်သည် (Preece, 2014:3)။ ယင်းကြေငြာစာတမ်းများ၊ စာချုပ်များ၊ အကြံပြုတိုက်တွန်းချက်များနှင့် လမ်းညွှန်ချက်များသည် ထူးခြားသော အမှတ်လက္ခဏာများရှိသည့် လူနည်းစုများကို အကာအကွယ်ပေးရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြှင့်တင်ပေးရန်အတွက် အရေးပါသည်။ သို့သော် လူနည်းစုများနှင့်ဆိုင်သောကိစ္စရပ်သည် နိုင်ငံအလိုက်ကွဲပြားမှုရှိသောကြောင့် ယင်းကြေငြာစာတမ်းများ၊ စာချုပ်များ၊ အကြံပြုတိုက်တွန်းချက်များနှင့် လမ်းညွှန်ချက်များသည် “လူနည်းစု” ဟူသည့် စကားရပ်နှင့် ပတ်သက်၍ စာပေပညာရှင်များ (သို့) လက်တွေ့လုပ်ဆောင်သူများက အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိမ်ဖန်များစွာကြိုးပမ်းခဲ့သော်လည်း နိုင်ငံတကာကလက်ခံနိုင်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မပေးနိုင်သေးပါ။

ကုလသမဂ္ဂ၏ လူနည်းစုများကို ခွဲခြားဆက်ဆံခြင်းမှ ကြိုတင်ကာကွယ်ခြင်းနှင့် လူနည်းစုများကို အကာအကွယ်ပေးခြင်းဆိုင်ရာကော်မရှင်ခွဲ၏ အထူးကိုယ်စားလှယ်တစ်ဦးဖြစ်သည့် Francesco Capotori က ဖွင့်ဆိုသောအဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာခဲ့ကြသည်။ Capotori ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ လူနည်းစုတစ်ခုဆိုသည်မှာ -

> *“နိုင်ငံတစ်ခု၏ ကျန်လူဦးရေအောက် အရေအတွက်အားဖြင့် နည်းသော အုပ်စုတစ်စုဖြစ်ပြီး ကြီးစိုးမှု မရှိသော အနေအထားတွင်ရှိနေသည်။ ထိုနိုင်ငံ၏ လူမျိုးများဖြစ်သော ယင်းအုပ်စုအဖွဲ့ဝင်များသည် ကျန်လူဦးရေနှင့် ကွဲပြားသည့် တိုင်းရင်းသား၊ ဘာသာရေး (သို့) ဘာသာစကား ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားကြပြီး ၎င်းတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ဘာသာစကားတို့ကို ထိန်းသိမ်းကာကွယ်ရန် ၎င်းတို့၏ သွေးစည်းညီညွတ်မှု သွယ်ဝိုက်အားဖြင့်လည်း ပြသကြသည် (Capotorti, 1991)။”*

ယင်းအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် “မည်သူက လူနည်းစု (ဖြစ်သည်နှင့် ထို့ကြောင့် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် လူနည်းစုအခွင့်အရေးများကို အကျိုးခံစားခွင့်ရှိသင့်သည်) နှင့် ပတ်သက်၍ ဆုံးဖြတ်ရာတွင် မရှိမဖြစ်အရေးပါသည့် အချက်များမှာ ၁) ဓမ္မဓိဋ္ဌာန်အားဖြင့် ဘာသာစကား၊ လူမျိုးရေး/တိုင်းရင်းသားလူမျိုး (သို့) ဘာသာရေးအုပ်စုတစ်ခု ရှိနေသည်။ ၂) ပုဂ္ဂလိကဓိဋ္ဌာန်အားဖြင့် လူတစ်ဦးချင်းအလိုက် အုပ်စုတစ်ခု၏ အဖွဲ့ဝင်အဖြစ် မိမိဘာသာ ရွေးချယ်သတ်မှတ်ကြသည်။ ဤနေရာတွင် မိမိကိုယ်ကို အဓိပ္ပါယ်ဖွင့်ဆိုခွင့်သည် အရေးကြီးသည်။ ၃) ယင်းအုပ်စုများရှိနေသည့်အခါ ၎င်းတို့သည် လူနည်းစုအခြေအနေတွင်ရှိနေပြီး ၎င်းတို့၏ ရေးရာများကို ဆုံးဖြတ်ပိုင်ခွင့်အာဏာ ကင်းမဲ့နေသည် (Chadda, 2006:3)။” ဆိုလိုသည်မှာ လူနည်းစုအုပ်စုများသည် “လူများစုနှင့် နှိုင်းယှဉ်လျှင် အာဏာကင်းမဲ့နေသည့် အခြေအနေ (‘အရေအတွက်အားဖြင့် နိမ့်ကျခြင်း” နှင့် ‘ကြီးစိုးမှုမရှိခြင်း’) တွင် ရှိနေပြီး ဓမ္မဓိဋ္ဌာန်ကျသော ဝိသေသ



လက္ခဏာများ (လူမျိုးရေး/တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကား) နှင့် ပုဂ္ဂလိကဓိဋ္ဌာန်ကျသော ဝိသေသလက္ခဏာများ (သွေးစည်းညီညွတ်မှု) နှစ်ခုလုံးနှင့် သတ်မှတ်နိုင်သည့် အုပ်စုများ" ဖြစ်သည် (Preece, 2014:5)။ ဆိုလိုသည်မှာ လူမျိုးစုတစ်စုသည် နိုင်ငံတစ်ခု၏ လူနည်းစုအုပ်စုတစ်ခု ဖြစ်လာမည် (သို့) အာဏာကို အောက်ခြေယူနစ်နှင့် ခွဲဝေမှုရှိလျှင် ယင်းနိုင်ငံ၏ ယူနစ်တစ်ခုအတွင်းရှိ လူနည်းစု အုပ်စု တစ်ခု ဖြစ်လာနိုင်သည်။ ဤနေရာတွင် မှတ်သားသင့်သည့်အချက်မှာ ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံ တစ်ခုတွင် လူမျိုးစုလူနည်းစု (national minority) သည် ဒေသတွင်းလူများစု (local majority) တစ်ခု ဖြစ်နိုင်သကဲ့သို့ လူမျိုးစုလူများစု (national majority) ကလည်း ဒေသတွင်းလူနည်းစု (local minority) တစ်ခု ဖြစ်နိုင်သည်။ ထို့အတူ လူနည်းစုအုပ်စုအချို့သည် နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်နှစ်ခုလုံးတွင် လူနည်းစုများ ဖြစ်နိုင်သည်။ ဥပမာ – မြန်မာနိုင်ငံတွင် ရှမ်းလူမျိုးသည် နိုင်ငံတစ်ဝန်းတွင် လူမျိုးစုလူနည်းစု တစ်ခု (national minority) ဖြစ်သော်လည်း ရှမ်းလူမျိုးသည် ရှမ်းပြည်နယ်တွင် ဒေသတွင်းလူများစု (local majority) တစ်ခု ဖြစ်သည်။ လားဟူလူမျိုးသည် မြန်မာနိုင်ငံတစ်ဝန်းတွင် လူမျိုးစုလူနည်းစု (national minority) ဖြစ်သည့်အပြင် ရှမ်းပြည်နယ်တွင်လည်း ဒေသတွင်းလူနည်းစု (local minority) တစ်ခု ဖြစ်သည်။

နောက်ပိုင်းတွင်ဖွင့်ဆိုသည့် လူနည်းစုများဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်အများအပြားသည် 'ဓမ္မဓိဋ္ဌာန်၊ ပုဂ္ဂလိကဓိဋ္ဌာန်နှင့် အာဏာဆိုင်ရာ သတ်မှတ်ချက်များအား အမျိုးမျိုးပေါင်းစပ်ထားမှုကို မီးမောင်းထိုးပြရာတွင်' Capotorti က အဆိုပြုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အလွန်ဆင်တူသည် (Preece, 2014:5)။ "မည်သူက လူနည်းစုဖြစ်သည်နှင့် ပတ်သက်၍ နိုင်ငံတော်/အစိုးရက ဆုံးဖြတ်ရမည်မဟုတ်သော်လည်း လူအုပ်စုများကို အကာအကွယ်ပေးထားခြင်းကို ဥပဒေနှင့် မူဝါဒများတွင် စနစ်တကျပြဋ္ဌာန်းထားရန် လိုသည်။ နိုင်ငံတော်/အစိုးရ၏ အကာအကွယ်ပေးထားခြင်းကိုရရှိနိုင်ရန် လူနည်းစုများကို ဥပဒေများဖြင့် သတ်မှတ်ထားရမည် (Chadda, 2006:3)။ ထိုသို့သတ်မှတ်ရာတွင် နိုင်ငံများသည် အုပ်စုအချို့ကို နိုင်ငံတော်၏ လူနည်းစုများအဖြစ်သတ်မှတ်ပြီး နိုင်ငံသားမဟုတ်သူများ နှင့်/သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများကို ပေါ်တင်ဖယ်ကြဉ်ထားခြင်းဖြင့် "Capotorti ၏ သတ်မှတ်ချက်နှင့် ကိုက်ညီနိုင်သည့် ရွှေ့ပြောင်းနေထိုင်သူများဖြင့် ဖွဲ့စည်းထားသည့် အုပ်စုများထက် ဌာနေတိုင်းရင်းသား အုပ်စုများကို အထူးအခွင့်အရေးပေး" နိုင်ခြေရှိသည် (Preece, 2014:6)။ ယင်းသည် နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူ အုပ်စုနှစ်ခုစလုံးပါဝင်သည့် လူနည်းစုအုပ်စုများကို အသိအမှတ်ပြုသည့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ဆန့်ကျင်ရာ ရောက်သည်။ ICCPR ၏ အပိုဒ် ၂၇ အရ လူနည်းစုများသည် လူနည်းစုအခွင့်အရေးများကို ရယူခံစားနိုင်ရန် 'လူမျိုးစုများ (nations) သို့မဟုတ် နိုင်ငံသားများ (citizens) '၊ 'အမြဲတမ်း နေထိုင်သူများ (permanent residents)' ဖြစ်ရန် မလိုအပ်ပေ။" သို့သော် နိုင်ငံသား/လူမျိုးစုလူနည်းစုအုပ်စုများ (national minority groups) သည် နိုင်ငံသား/လူမျိုးစုမဟုတ်သော လူနည်းစုအုပ်စုများ (non-national minority groups) အဖြစ် သတ်မှတ်ထားသည့် အုပ်စုများထက် ပိုမိုကောင်းမွန်သည့် အခွင့်အရေးများ (သို့) အကျိုးခံစားခွင့်များကို ရရှိကြလေ့ရှိသည်။

အခြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ လူတစ်ဦးချင်းစီအား လူနည်းစုအုပ်စုတစ်ခု၏ အဖွဲ့ဝင် အဖြစ် ၎င်းတို့ခံယူလိုမှုနှင့် ယင်းလူနည်းစုအုပ်စု၏ အခွင့်အရေးများအောက်တွင် အကာအကွယ်ရယူလိုမှု ရှိ–မရှိနှင့်ပတ်သက်၍ ဆုံးဖြတ်ခွင့်ပေးထားခြင်းဖြင့် လူနည်းစုများဖြစ်ခြင်းသတ်မှတ်ခြင်းကို ပို၍လစ်ဘရယ် ကျသော/ပို၍ လွတ်လပ်သော ချဉ်းကပ်မှုဖြင့် ချဉ်းကပ်ကြသည်။ ဥပမာ - ၁၉၉၀ ခုနှစ်တွင် Copenhagen မြို့၌ ထုတ်ပြန်ခဲ့သည့် ကိုပင်ဟေဂင် သဘောတူစာတမ်း (Copenhagen Document) ၏ အပိုဒ် ၃၂ တွင် "လူမျိုးစုလူနည်းစု (national minority) အဖြစ် ခံယူခြင်းသည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကိစ္စဖြစ်ပြီး ယင်းအခွင့်အရေးကို ကျင့်သုံးခြင်းဖြင့် မည်သည့်ဆိုးကျိုးမှ မရရှိစေရ" ဟု ဖော်ပြထားသည် (Preece, 2014:8)။ လူနည်းစုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ နောက်ထပ်ချဉ်းကပ်မှုတစ်ခုမှာ

အဓိပ္ပါယ်ဖွင့်ဆိုချက်(definition) ထက် အချက်အလက်အမှန် (fact) ကို အဓိကထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် လူနည်းစုအုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း-မဖြစ်ခြင်းသည် အချက်အလက်မှန်နှင့်ဆိုင်သောကိစ္စဖြစ်ပြီး ရည်ရွယ်ခြင်း (intension) နှင့် သက်ဆိုင်ခြင်း မရှိပါ။ ဥပမာ - ICCPR ၏ အပိုဒ် ၂၇ တွင် ဖြစ်တည်ခြင်း (existence) နှင့် ပတ်သက်၍ အချက်အလက်မှန်ကို ဦးစားပေးထားသည်။

*"တိုင်းရင်းသား၊ ဘာသာရေး (သို့) ဘာသာစကားလူနည်းစုများ တည်ရှိသည့် နိုင်ငံများတွင် ယင်းလူနည်းစုများနှင့်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးသည် ၎င်းအဖွဲ့၏ အခြားသောအဖွဲ့ဝင်များနှင့်အတူ လူမှုအသိုင်းအဝိုင်းတွင်၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းပိုင်ခွင့်၊ ၎င်းတို့၏ ကိုယ်ပိုင်ဘာသာရေးကို ကိုးကွယ်ပိုင်ခွင့် (သို့) ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို ငြင်းပယ်ခံရခြင်း မရှိစေရ။"*

ယင်းချဉ်းကပ်မှုနှင့်အညီ ပထမဆုံးသော HCNM ဖြစ်သူ Max van der Stoel က လူနည်းစုဖြစ်တည်မှုကို အဆုံးအဖြတ်ပေးသော အချက်တစ်ခုအဖြစ် လူမျိုးစုလူနည်းစုကို အောက်ပါအတိုင်းဖွင့်ဆိုသည်။

*"လူမျိုးစုလူနည်းစု အုပ်စုတစ်ခုသည် ကိုယ်ပိုင်အမှတ်လက္ခဏာရှိသော အုပ်စုတစ်ခုဖြစ်ပြီး ယင်းအမှတ် လက္ခဏာသည် လူများစုအုပ်စုတစ်ခုခုနှင့် ရှင်းရှင်းလင်းလင်းကွဲပြားခြားနားနေသည့်အပြင် ၎င်းတို့၏ အမှတ်လက္ခဏာကို ထိန်းသိမ်းလိုသည့် (သို့) ခိုင်မာအားကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒများလည်း ရှင်းရှင်းလင်းလင်း ရှိသည်။"*

လူနည်းစုများဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် မတူညီသော ချဉ်းကပ်မှုများသည် "အမှတ်လက္ခဏာ (ဘယ်အရာက ပါဝင်သည်) နှင့် အာဏာ (ဘယ်သူက လျော်ကန်စွာ ကျင့်သုံးသင့်သည်) ဆိုင်ရာ စုံလင်ကွဲပြားသော အမြင်များ" ကို မီးမောင်းထိုးပြထားသည် (Preece, 2014: 9)။

## ၂.၂) လူများစုနှင့် လူနည်းစုအကြား ဆက်ဆံရေးများ

ဤစာတမ်းသည် Max van der Stoel က ဖွင့်ဆိုသည့် လူနည်းစုအဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုသွားမည်ဖြစ်ပြီး လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် နိုင်ငံ (အားလုံးမဟုတ်သည့်တိုင်) အချို့တွင် လူနည်းစုအုပ်စုများ၏ "ကိုယ်ပိုင်အမှတ်လက္ခဏာကို ထိန်းသိမ်းလိုသည့် (သို့) ခိုင်မာအောင်ဆောင်ရွက်လိုသည့် ဆန္ဒ" ကို အမြဲတမ်း လိုက်လျောဖြည့်ဆည်းခြင်းမရှိဟု ယူဆထားသည်။ လူမျိုးစုလူနည်းစုအုပ်စုအချို့သည် "၎င်းတို့ကိုယ်ကို တိုင်းရင်းသားလူမျိုးအရ တစ်မူထူးခြားသည်ဟု ခံယူထားကြသည်သာမက ၎င်းတို့သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးရှိသည့် လူမျိုးတစ်မျိုးကို ကိုယ်စားပြုသည်ဟု ယူဆထားကြသည်" (Karmis and Norman: 2005: 13)။ ယင်းလူမျိုးစုလူနည်းစုများ၏ လိုလားချက်ကို သင့်လျော်စွာ ဖြည့်ဆည်းပေးခြင်းမရှိလျှင် ယင်းလူမျိုးစု လူနည်းစုများသည် လူမျိုးစုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တစ်မျိုးမျိုးအတွက် ၎င်းတို့၏ အခွင့်အရေးများကိုရယူရန် ကြိုးပမ်းမှုများသည် ခွဲထွက်ရေးလှုပ်ရှားမှုများ (separatist movements) အဖြစ် ရောက်သွားနိုင်သည်။ သို့သော် ၎င်းတို့ကို "တိုင်းရင်းသားအခြေပြုအာဏာခွဲဝေခြင်း (ethnic power sharing)၊ ပြည်နယ်နှင့်နိုင်ငံတော်အဆင့်တွင် လုံလောက်သောကိုယ်စားပြုမှု (adequate representation at state and national level) နှင့် နိုင်ငံတော်အကျိုးခံစားခွင့်များကို မျှဝေခြင်း (shared access to state benefits)" ဖြင့် လူမျိုးစုလူနည်းစုအုပ်စုများနှင့် ၎င်းတို့၏ အခွင့်အရေးတောင်းဆိုမှုများကို နိုင်ငံတော်၏ (သို့) နိုင်ငံတော်ကို ဖွဲ့စည်းထားသည့် နိုင်ငံတော်ယူနစ်တစ်ခုခု၏ "စိတ်ဆန္ဒရှိသော အစိတ်အပိုင်းတစ်ခု" (သို့) "ဒီမိုကရေစီ အင်အားစုတစ်ခု" အဖြစ်သို့ အသွင်ပြောင်းနိုင်သည် (Chadda, 2006:5)။

လူမျိုးစုလူနည်းစုအုပ်စုများ၏ အခွင့်အရေးများကို လူမျိုးစုလူများစုအုပ်စုများက အသိအမှတ်ပြုပြီး ဖြည့်ဆည်းပေးခြင်းသည် လူမျိုးစုလူနည်းစုများက ၎င်းတို့၏ အခွင့်အရေးများကို





တစ်စိုက်မတ်မတ်ရယူခြင်း ဖြစ်သည့်အပြင် လူမျိုးစုလူများစုများက စုံလင်ကွဲပြားသော အမှတ်လက္ခဏာများအပေါ် ပိုမိုပွင့်လင်းပြီး သည်းခံမှုရှိအောင် ဆောင်ရွက်လိုသည့် နိုင်ငံရေးဆန္ဒရှိခြင်းနှင့် ဆိုင်သည်။ ထို့အပြင် လူမျိုးပေါင်းစုံရှိသည့် ဖက်ဒရယ်နိုင်ငံများ[၃]တွင် သဟဇာတရှိစွာ ယှဉ်တွဲနေထိုင်ရေးအတွက် လူနည်းစုများကို ညီညွတ်သော အင်အားစုတစ်ခုအဖြစ်သို့ အသွင်ပြောင်းနိုင်သည့် အလားအလာများကို လေ့လာနိုင်ရန် ဖြစ်သည်။ လူများစု၏ အနိုင်ကျင့်နိုင်မှုအလားအလာ ရှိနေနိုင်သဖြင့် လူမျိုးပေါင်းစုံနေထိုင်သည့် ဖက်ဒရယ်နိုင်ငံတစ်ခုတွင် နိုင်ငံတော်နှင့် ဒေသအဆင့်နှစ်ခုလုံးတွင် အာဏာချိန်ခွင်လျှာသည် ရှိနေသည့် ပဋိပက္ခများကိုကြပ်မတ်ရန် (သို့) လူမျိုးစုနှင့် လူနည်းစုအုပ်စုများအကြား ဖြစ်နိုင်ခြေရှိသည့် ပဋိပက္ခများကို ကြိုတင်ကာကွယ်ရန် သေချာစွာချိန်ဆသွားရန် လိုပါသည်။ ယင်းချိန်ဆမှုအရ အာဏာခွဲဝေမှုသည် ညီမျှသင့်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် တူညီသော လုပ်ပိုင်ခွင့်အာဏာများသည် အထူးသဖြင့် လူနည်းစုအုပ်စုများ၏ ဆုံးဖြတ်ချက်ချသည့် အာဏာများသည် ၎င်းတို့၏ အရေးအတွက်နှင့် မကိုက်ညီသောအခါ (သို့) အချိုးမကျသောအခါတွင် တရားမျှတမှုမရှိဟု လူများစုက တစ်ခါတစ်ရံတွင် ရှုမြင်နိုင်သည်။ ထို့အပြင် "လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်ရန်၊ လူ့ဘဝနေထိုင်မှု အရည်အသွေးနှင့် လူတစ်ဦးချင်းအလိုက် တာဝန်များနှင့်ပတ်သက်၍ တစ်စိုက်မတ်မတ် တောင်းဆိုလာသည့် လူနည်းစုအုပ်စုများ ကိုယ်တိုင်က အာဏာရှင်ဆန်ပြီး အတ္တဆန်သည့် လူနည်းစုလူများစုများ (tyrannical, egoistic minorities) အဖြစ်သို့" ပြောင်းလဲသွားနိုင်သည့် အန္တရာယ်အမြဲရှိနေသည်"[၄] (Staub, 1980: 168)။ ထို့ကြောင့် လူများစု (သို့) လူနည်းစု အုပ်စုများ၏ ဖြစ်နိုင်ခြေရှိသည့် မည်သည့် နိုင်ထက်စီနင်းမှု အန္တရာယ်ကိုမဆို (any potential danger of the tyranny of majority or minority groups) ကြိုတင်တားဆီးနိုင်ရန် လူများစုနှင့် လူနည်းစုများအကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုအစီအမံများကို သေချာစွာ သတ်မှတ်သွားရန် လိုပါသည်။

**အခန်း (၃)**

## သဘောတရားဆိုင်ရာ ခြုံငုံသုံးသပ်ခြင်း - ဖက်ဒရယ်စနစ်နှင့် လူမျိုးစု တိုင်းရင်းသားလူမျိုးများကို လိုက်လျောညီထွေဖြစ်စေခြင်း။

ဆွစ်ဇာလန်နိုင်ငံနှင့် ကနေဒါနိုင်ငံကဲ့သို့သော သမိုင်းဝင်လူမျိုးပေါင်းစုံရှိသည့် ဖက်ဒရယ်နိုင်ငံများနှင့် အမှတ်လက္ခဏာအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသည့် ပဋိပက္ခများကို စီမံခန့်ခွဲနိုင်သည့် ငြိမ်းချမ်းပြီး ဒီမိုကရေစီကျသည့် နည်းလမ်းများဖြင့် စီမံခန့်ခွဲနိုင်သည့်အပြင် ၎င်းတို့နိုင်ငံသားများအတွက် စီးပွားရေး သာယာဝပြောမှုနှင့် လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်တို့ကို များစွာဖော်ဆောင်ပေးနိုင်သည့် ဘယ်လဂျီယမ်နိုင်ငံနှင့် စပိန်နိုင်ငံ ကဲ့သို့သော မကြာသေးခင်က ပေါ်ထွန်းလာသည့် လူမျိုးပေါင်းစုံနေထိုင်သည့် ဖက်ဒရယ်နိုင်ငံများနှစ်ခုလုံးတွင် လူမျိုးစုလူနည်းများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် ဖက်ဒရယ်စနစ်၏ အောင်မြင်မှုနှင့်အတူ ဖက်ဒရယ်ဆိုင်ရာ အစီအမံများသည် လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားမှု ပိုရှိလာသည် (Kymlicka, 2005: 270)။ သို့သော် မှတ်သားသင့်သည့် အချက်တစ်ချက်မှာ ဖက်ဒရယ်စနစ်သည်

---

၃ နိုင်ငံတစ်ခုသည် တပြည်ထောင်စနစ် (သို့) ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံတစ်ခုဖြစ်နိုင်သည်။ ဤစာတမ်းတွင် "ဖက်ဒရယ်ရေးရှင်း (federations)" သည် "ဖက်ဒရယ်နိုင်ငံများ" (သို့) "ဖက်ဒရယ်တိုင်းပြည်များ"ကို ရည်ညွှန်းပြီး "ဖက်ဒရယ်လစ်ရှင် (Federalism)" သည် ဖက်ဒရယ်စနစ်တစ်ခုကို ရည်ညွှန်းသည်။

၄ လူနည်းစုများ၏ အာဏာရှင်ဖြစ်နိုင်ချေ အလာအလားနှစ်ခု ရှိသည်။ တစ်ခုမှာ လူမျိုးစုလူနည်းစုတစ်ခုက ဒေသတွင်း လူများစုတစ်ခုဖြစ်လာသည့်အခါ ၎င်းတို့သည် အခြားသောဒေသတွင်း လူနည်းစုများနှင့် ဆက်ဆံသည့်အခါ အာဏာရှင်ဆန်လာနိုင်သည်။ အခြားတစ်ခုမှာ အတွင်းပိုင်းခွဲခြားဆက်ဆံမှုဖြစ်သည်။ ၎င်းတို့၏ အုပ်စုအတွင်း အဆင့်ဆင့်ရှိနေသော ဖွဲ့စည်းတည်ဆောက်ပုံက ၎င်းတို့၏ အုပ်စု၏ အဖွဲ့ဝင်အချို့အပေါ် မမျှတစွာ ဆက်ဆံသည့် ခွဲခြားဆက်ဆံမှုကို ဆိုလိုသည်။

လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံများ၏ ပဋိပက္ခအားလုံးအတွက် အဖြေမဟုတ်ပါ။ ဖက်ဒရယ်စနစ်အားလုံးသည် လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံနှင့်ဆိုင်သော စုံလင်ကွဲပြားမှုများကို လိုက်လျာညီထွေဖြစ်အောင် ပုံဖော်ထားခြင်းမဟုတ်ပါ။ တစ်ခါတစ်ရံတွင် လူမျိုးစုလူများစုအုပ်စုများသည် ဖက်ဒရယ်စနစ်ကို လူမျိုးစုလူနည်းစုအုပ်စုများကို အာဏာလျှော့ချသည့် နည်းလမ်း (tool) တစ်ခုအဖြစ် အသုံးပြုနိုင်ပြီး အသုံးပြုခဲ့မှုများရှိခဲ့သည်။ ဥပမာ – အမေရိကန် ဖက်ဒရယ်စနစ်တွင် လူမျိုးစုလူနည်းစုများ၏ အာဏာများကို လျှော့ချရန်အလို့ငှာ မရိုးသားသောနည်းလမ်းကိုအသုံးပြု၍ ဖက်ဒရယ်ယူနစ်များကို ထိန်းချုပ်ခဲ့ပြီး လူများစုအုပ်စုများက လူမျိုးစုလူနည်းစုများ၏ အခွင့်အရေးများကို ငြင်းပယ်သည် (Kymlicka, 2005, 273)။

ဖက်ဒရယ်စနစ်သည် နိုင်ငံအလိုက် ကွဲပြားသောကြောင့်လည်းကောင်း၊ ဖက်ဒရယ်စနစ်သည် လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်နိုင်သည့် လက်တွေ့ကျသည့် အစီအမံများပေးနိုင်ခြင်း ရှိ/မရှိသည် နိုင်ငံတစ်ခု၏ ဖက်ဒရယ်စနစ်ကို ပုံဖော်ထားမှုအပေါ် မူတည်နေသောကြောင့်လည်းကောင်း၊ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဖော်ဆောင်ပေးသည့် လူမျိုးပေါင်းစုံအခြေပြုသည့် ဖက်ဒရယ်စနစ်နှင့် လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် မဖော်ဆောင်ပေးသည့် ပထဝီနယ်မြေအခြေပြုသည့် ဖက်ဒရယ်စနစ်တို့ကို ခွဲခြားသိမြင်ရန် အရေးကြီးသည်။ ထို့နောက် လူမျိုးစုလူနည်းစုများအတွက် မည်သည့်အထူးအစီအမံများ လိုအပ်သည်နှင့် လိုအပ်သည့်အကြောင်းရင်းများနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားခြင်းမပြုမီ မည်သည့်ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုတွင်မဆို ထည့်သွင်းနိုင်သည့်အစီအမံအမျိုးအစားများကို ရှင်းလင်းအောင်ဖော်ပြသွား ရန် အရေးကြီးပါသည်။ နောက်ဆုံးအချက်မှာ လူမျိုးစုလူများစုနှင့် လူနည်းစုအုပ်စုများအကြား အာဏာချိန်ခွင်လျှာကို တည်ငြိမ်သော ဖက်ဒရယ်စနစ်နှင့် မတည်ငြိမ်သောဖက်ဒရယ်စနစ်နှစ်ခုလုံးအတွက်မည်သို့ပံ့ပိုးပေးနိုင်သည်ကိုလေ့လာဆန်းစစ်သင့်ပါသည်။ လူမျိုးပေါင်းစုံရှိသည့် နိုင်ငံတစ်ခုအတွက် ဖက်ဒရယ်စနစ်ကို ရေးဆွဲချမှတ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို အောက်ပါအပိုင်းခွဲများတွင် လေ့လာဆန်းစစ်သွားပါမည်။



## ၃.၁) လူမျိုးပေါင်းစုံအခြေပြု ဖက်ဒရယ်စနစ်နှင့် နယ်မြေအခြေပြု ဖက်ဒရယ်စနစ်

လူမျိုးပေါင်းစုံအခြေပြုဖက်ဒရယ်စနစ် (multinational federalism) နှင့် နယ်မြေအခြေပြု ဖက်ဒရယ်စနစ် (territorial federalism) တို့ကို ခွဲခြားပြခြင်းမပြုမီ တည်ရှိနေပြီးသား ဖက်ဒရယ်စနစ်များ မည်သို့ဖြစ်ပေါ်လာသည်နှင့် မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်လာသည်တို့ကို နားလည်ထားရန် အရေးကြီးပါသည်။ Ronal L. Watts ၏ စဉ်းစားတွေးခေါ်ချက်များအရ ဖက်ဒရယ်စနစ်သည် နိုင်ငံရေးဆိုင်ရာ မိတ်ဖက်ပူးပေါင်းမှု (political partnership) တစ်ခုဖြစ်ပြီး မတူညီသောဖြစ်စဉ် (၄) ခုမှတစ်ဆင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်းတို့မှာ ၁) မိတ်ဖက်များကို ပေါင်းစည်းခြင်း (Aggregation of partners)၊ ၂) အာဏာခွဲဝေခြင်းအားဖြင့် မိတ်ဖက်အသစ်များကိုဖန်တီးခြင်း (the creation of new partners by devolution)၊ ၃) ပေါင်းစည်းခြင်းနှင့်အာဏာခွဲဝေခြင်းနည်းလမ်းနှစ်ခုလုံးကို ပေါင်းစပ်ထားခြင်း (the combination of the process of aggregation and devolution)၊ ၄) တည်ရှိနေပြီးသား ပြည်ထောင်စု (သို့) ဖက်ဒရယ်စနစ်တစ်ခုကို ပြိုကွဲစေခြင်းနှင့် မိတ်ဖက်ပူးပေါင်းမှုအသစ်တစ်ခုပေါ်ပေါက်လာခြင်း (the breakup of an existing union or federation, followed by a new partnership) တို့ ဖြစ်ကြသည် (Watts, 2005: 248-249)။ ဖက်ဒရယ်စနစ်ပေါ်ပေါက်လာသည့် ပထမပုံစံကို ပေါင်းစည်းရေးဖက်ဒရယ်စနစ် (the coming-together federalism) အဖြစ် သိထားကြပြီး ထိုစနစ်တွင် ယခင်ကွဲပြားသည့် နိုင်ငံရေးယူနစ်များက နိုင်ငံရေးမိတ်ဖက် ပေါင်းစည်းမှုတစ်ခုအဖြစ်သို့ ပေါင်းစည်းလိုက်ခြင်းဖြစ်သည်။ ဥပမာ - အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် ဤပုံစံဖြင့် ပထမဆုံးဖြစ်တည်လာသည့် နိုင်ငံများ



ဖြစ်သည်။ ဤပုံစံတွင် အဖွဲ့ဝင်ယူနစ်များသည် ဗဟိုအစိုးရထက် လုပ်ပိုင်ခွင့်အာဏာ ပို၍ရှိကြသည်။ သို့သော် နောက်ပိုင်းတွင် ဖက်ဒရယ်စနစ်သို့ အသွင်ပြောင်းခဲ့သည်။ ဒုတိယအမျိုးအစားကို တွဲလက်ဖက်ဒရယ်စနစ် (the Holding-together federalism) အဖြစ် ခေါ်ဝေါ်ကြပြီး ဤပုံစံတွင် တည်ရှိပြီးသား ဒေသတွင်းယူနစ်များအား လုပ်ပိုင်ခွင့်အာဏာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ တိုးမြှင့်ပေးခြင်း (သို့) ဒေသတွင်းယူနစ်အသစ်များကို ဖွဲ့စည်းခြင်း ဖြစ်သည်။ ဥပမာ - ဘယ်လဂျီယမ်နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံ၏ ဖက်ဒရယ်စနစ်များသည် ယခင်တပြည်ထောင်စနစ်မှ အသွင်ပြောင်းထားခြင်း ဖြစ်သည်။ ဖက်ဒရယ်စနစ် ပေါ်ပေါက်လာသည့် တတိယအမျိုးအစားသည် ပေါင်းစည်းခြင်းနှင့် အာဏာခွဲဝေခြင်းနည်းလမ်းနှစ်ခုကို ပေါင်းစပ်ထားသည့်ပုံစံ ဖြစ်သည်။ ဥပမာ - ကနေဒါ၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့၏ ဖက်ဒရယ်စနစ်များသည် ဤပေါင်းစပ်ထားသည့် ပုံစံဖြစ်သည်။ စတုတ္ထပုံစံသည် ဆိုဗီယက်ပြည်ထောင်စု (USSR) ၏ ဖက်ဒရယ်စနစ်တွင် တွေ့ရသော ပံုစံဖြစ်သည်။ ဤပုံစံတွင် ဒေသတွင်း ယူနစ်များ၏ ခွဲထွက်ရေး (secession) နှင့် ခွဲထွက်ရေးလုပ်ရှားမှုများ (separation movements) ၏ တွန်းပို့မှုကြောင့် ခွဲထွက်သည့် ယူနစ်များ၏ မိတ်ဖက်ပေါင်းစည်းမှုအသစ်မှတစ်ဆင့် ပေါ်ပေါက်လာသည်။

အထက်ပါ ဖက်ဒရယ်စနစ်ဖြစ်ပေါ်လာသည့် ဖြစ်စဉ် (၄) ခုအနက် ဖြစ်စဉ်တစ်ခုခုဖြင့် ပေါ်ပေါက်လာသည့် ဖက်ဒရယ်စနစ်အများစုတွင် မည်သည့်ပြင်ပခြိမ်းခြောက်မှုကိုမဆို တိုက်ခိုက်ရန်အတွက် လည်းကောင်း၊ ဒေသတွင်း ယူနစ်များ၏ ခွဲထွက်နိုင်သည့် အလားအလာ (သို့) ရှိထားပြီးသား ပေါင်းစည်းမှု အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားမှုကို ကြိုတင်တားဆီးရန်အတွက်လည်းကောင်း၊ ဒေသတွင်းယူနစ်များကို လိုက်လျော ညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် မတူညီသော ချဉ်းကပ်မှုများကို ပေါင်းစပ်အသုံးပြုရန် အတွက်လည်းကောင်း၊ စုံလင်ကွဲပြားသည့် ဒေသတွင်းယူနစ်များအကြား စည်းလုံးမှုမရှိနေသည့် ရှိထားပြီးသား မိတ်ဖက်ပေါင်းစည်းမှုကို ပြန်လည်ချိန်ညှိရန်အတွက်လည်းကောင်း ပိုမိုခိုင်မာသည့် အင်အားစု တစ်ခုအဖြစ် အတူတကွပေါင်းစည်းရန် လိုအပ်လာသည့် အခြေအနေအပေါ် ဖြစ်တည်လာသည့်သဘော ရှိသည်။ ဖက်ဒရယ်စနစ်ဖြစ်ပေါ်လာသည့် ဖြစ်စဉ် (၄) ခုစလုံးသည် လူမျိုးစု လူများစုနှင့် လူနည်းစုများ အကြားဆက်ဆံရေးကို မဖြစ်မနေထည့်သွင်းစဉ်းစားခြင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ရေး (self-government) (သို့) ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (cultural autonomy) အတွက် လူမျိုးစု လူနည်းစုများ၏ လိုလားချက်များကို လိုက်လျောပေးရန် မဖြစ်မနေကြိုးပမ်းခြင်းထက် တစ်ခုလုံး (ဖက်ဒရယ် အစိုးရ) နှင့် အစိတ်အပိုင်းများ (ဖက်ဒရယ် သို့မဟုတ် အဖွဲ့ဝင်ယူနစ်များ) အကြား အာဏာခွဲဝေခြင်းကိုသာ အဓိက အလေးထားသည်။

ထို့ကြောင့် ရှိထားပြီးသား ဖက်ဒရယ်စနစ်အများအပြားကို နယ်မြေအခြေပြုဖက်ဒရယ်စနစ်များအဖြစ် သတ်မှတ်နိုင်သည်။ ယင်းဖက်ဒရယ်စနစ်တွင် ဖက်ဒရယ်ယူနစ်များသည် ၎င်းတို့၏ ကိုယ်ပိုင်အစိုးရနှင့် ယဉ်ကျေးမှုဆိုင်ရာထူးခြားမှုတို့ကို ထိန်းသိမ်းထားလိုသည့် တစ်မူထူးခြားသည့် တိုင်းရင်းသား-ယဉ်ကျေးမှုဆိုင်ရာ အုပ်စုများ (ethno-cultural groups) နှင့် မည်သည့်နည်းနှင့်မျှ တစ်ထပ်တည်းဖြစ်မနေပါ (Kymlicka, 2005: 270)။ ဥပမာ - တိုင်းရင်းသား-ယဉ်ကျေးမှုအရ ထူးခြားသည့်လူမျိုးများသည် Anglo-Saxon အခြေချနေထိုင်သူများ မရောက်လာခင်ကတည်းက အခြေချနေထိုင်နေပြီးသား လူမျိုးများဖြစ်သော လူမျိုးစုလူနည်းစုများ၏ ကိုယ်ပိုင်အစိုးရဆိုင်ရာ အခွင့်အရေးများ (the self-government rights of national minorities) ကို ရည်ရွယ်ချက်ရှိရှိ ငြင်းပယ်ရန် အမေရိကန်ဖက်ဒရယ်စနစ်ကို နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ရှိထားပြီးသား လူမျိုးစုအုပ်စုများ၏ အရေအတွက်ကို နောက်မှရောက်လာသည့် Anglo-Saxon လူမျိုးများ၏ အရေအတွက်က ကျော်လွန်ခြင်းမရှိလျှင် မည်သည့်နယ်မြေကိုမျှ ပြည်နယ်တစ်ခုအဖြစ် အသိအမှတ်မပြုခြင်းအားဖြင့် လည်းကောင်း၊ (သို့) အချို့သော အခြေအနေများတွင် နောက်မှရောက်လာသူများ၏ အရေအတွက်ကျော်လွန်သွားအောင် နယ်နိမိတ်များကို ရေးဆွဲသတ်မှတ်ခြင်းအားဖြင့် လည်းကောင်း ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုကို ဖွဲ့စည်းခဲ့သည့် မူလ ကိုလိုနီနယ်မြေ (၁၃) ခု

သည် တိုင်းရင်းသား-ယဉ်ကျေးမှုအရ တစ်သမတ်တည်းဖြစ်သောကြောင့် အစိုးရအရပ်ရပ်အကြား အာဏာခွဲဝေမှုနှင့် အစိုးရတစ်ရပ်အတွင်း မဏ္ဍိုင်များအကြား အာဏာပိုင်းခြားထားမှုရှိသည့် အမေရိကန် ဖက်ဒရယ်စနစ်သည် အစိုးရတစ်ရပ်ရပ်၏ (သို့) အစိုးရတစ်ရပ်အတွင်းရှိ၏ မဏ္ဍိုင်တစ်ခုခုထံတွင် အလွန်အကျွံအာဏာစုပုံထားခြင်းကြောင့် အာဏာရှင်စနစ်ပေါ်ပေါက်လာနိုင်သည့် အလားအလာ (the chance of tyr-anny) ကို လျှော့ချသည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ သို့သော် ၎င်းသည် အမေရိကန်ပြည်ထောင်စုတွင် လူမျိုးစုလူနည်းစုတစ်ခုမှ ကိုယ်ပိုင်အစိုးရမရရှိကြဟု ဆိုလိုခြင်းမဟုတ်ပါ။ ကိုယ်ပိုင်အစိုးရ ရရှိကြသည့် လူမျိုးစုလူနည်းစုများသည် ဖက်ဒရယ်ယူနစ်ပြင်ပရှိ လူမျိုးစုလူနည်းစုများဖြစ်ကြသည်။ ဖက်ဒရယ်ယူနစ်မဟုတ်သော နယ်မြေများ (non-federal units) မှ လူမျိုးစုလူနည်းစုများ (national minorities) ဖြစ်သည်။ ဥပမာ ပေါ်တိုရီကို “ဓနသဟာယ နယ်မြေ (commonwealth of Puerto Rico)”၊ ဂွမ် “ကာကွယ်စောင့်ရှောက်နယ်မြေ (protectorate of Guam)”မှ လူမျိုးများ (သို့) “ပြည်တွင်းမှီခိုသော လူမျိုးများ (do-mestic dependent nations) ’ အဆင့်ရှိ အမေရိကန် အင်းဒီးယန်းမျိုးနွယ်စုများ ဖြစ်သည်။၅

နယ်မြေအခြေခံဖက်ဒရယ်စနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လူမျိုးပေါင်းစုံရှိသည့် ဖက်ဒရယ်စနစ်တွင် ဖက်ဒရယ်စနစ်များသည် ထင်ရှားသော တိုင်းရင်းသား-ယဉ်ကျေးမှုအုပ်စုများနှင့် တစ်ထပ်တည်းဖြစ်နေပြီး လူမျိုးစုလူနည်းစု၏ ကိုယ်ပိုင်အစိုးရနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လိုလားချက်များကို လိုက်လျောပေးနိုင်သည့် အလားအလာရှိသည်။ ဖက်ဒရယ်စနစ်တစ်ခုသည် စစ်မှန်သော လူမျိုးပေါင်းစုံ ဖက်ဒရယ်စနစ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန် ဖက်ဒရယ်ယူနစ်များ၏ နယ်နိမိတ်များ မည်သို့ရေးဆွဲထားသည်နှင့် မည်သည့်အာဏာများကို မည်သည့်အစိုးရ(အလွှာ)အား ခွဲဝေအပ်နှင်းမည်နှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်ရမည်ဖြစ်ပြီး ထိုသို့ချမှတ်ရာတွင် လူမျိုးစုလူနည်းစုများ၏ အခွင့်အရေးများကို မြှင့်တင်ပေးမည့် ရည်ရွယ်ချက်များ ပါရှိသင့်သည်။ ထို့အပြင် ဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်အစိုးရ (self-government) အတွက် ဖော်ဆောင်နိုင်ရန် ဖက်ဒရယ်ယူနစ်များ၏ နယ်နိမိတ်များကို ရေးဆွဲရာတွင် လူမျိုးစုလူနည်းစုများက သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ်တွင် လူများစုဖြစ်ရန်လိုသည်။ သို့သော် အရေအတွက်အားဖြင့် ပိုနည်းသော အချို့သော လူမျိုးစုလူနည်းစုများအတွက် မဖြစ်နိုင်ပေ။ “ဓနသဟာယ (commonwealth)” “ဖက်ဒရေစီများ (federacies)” “ကာကွယ်စောင့်ရှောက်နယ်မြေများ (protector-ates)”၊ “ဆက်စပ်ပြည်နယ်များ (associated states)” ကဲ့သို့သော နိုင်ငံရေး အင်စတီကျူးရှင်းအချို့မှ တစ်ဆင့် ထိုကဲ့သို့သော အုပ်စုများအတွက် ကိုယ်ပိုင်အစိုးရကို ဖက်ဒရယ်စနစ်၏ ပြင်ပတွင်သာ ရရှိနိုင်သည်။ လူမျိုးစုလူနည်းစုများက ၎င်းတို့ရှိနေသည့် ဖက်ဒရယ်ယူနစ်တွင် လူများစုဖြစ်လာအောင် နယ်နိမိတ်များ ရေးဆွဲနိုင်သည့်တိုင် အစိုးရအရပ်ရပ်အကြား အာဏာခွဲဝေမှုသည် ဖြေရှင်းရခက်သော ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မတူညီသောယူနစ်များသည် မတူညီသောအာဏာများကို ရယူရန်ကြိုးပမ်းနိုင် သောကြောင့်လည်းကောင်း၊ ဖက်ဒရယ်စနစ်သည် စုံလင်ကွဲပြားသော ရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန် ခက်ခဲသောကြောင့်လည်းကောင်း ဖြစ်သည်။

တိုင်းရင်းသားယဉ်ကျေးမှုအရ စုံလင်ထွေပြားသော အမှတ်လက္ခဏာများရှိနေသည့် ယဉ်ကျေးမှုစုံအခြေခံ ဖက်ဒရယ်စနစ်တွင် ဖက်ဒရယ်ယူနစ်များသည် ဗဟိုချုပ်ကိုင်မှုကို ၎င်းတို့၏ လူမျိုးစုအမှတ်လက္ခဏာအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ်ရှုမြင်နိုင်ပြီး ဗဟိုဖြေလျှော့သည့် အာဏာခွဲဝေမှုကို လိုလား



၅ မူလကိုလိုနီနယ်မြေ (၁၃) ခုကို ဖွဲ့စည်းခဲ့သည့် အင်ဂလိုဆက်ဆွန်အခြေချနေထိုင်သူများ (Anglo-Saxon ssettlers) သည် တိုင်းရင်းသား-ယဉ်ကျေးမှုဆိုင်ရာအရ တစ်သမတ်တည်းသဘောရှိသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုသည် တိုင်းရင်းသား-ယဉ်ကျေးမှုဆိုင်ရာအရ တစ်မူထူးခြားသည့် လူမျိုးစုလူနည်းစုအချို့ကို လိုက်လျောညီထွေဖြစ်အောင်လည်း ပြုလုပ်ခဲ့သည်။ ဖက်ဒရယ်ယူနစ်များ၏ ပြင်ပတွင် ရှိနေသည့် လူမျိုးစုလူနည်းစုများက ၎င်းတို့၏ ကိုယ်ပိုင်အစိုးရ/အုပ်ချုပ်ရေးအနေအထားကို မည်သို့ရရှိခဲ့သည်မှာ ၎င်းတို့၏ သမိုင်းကြောင်းနောက်ခံများနှင့် ဆက်နွယ်နေသည်ဟု ယူဆထားပြီး ၎င်းနှင့် ပတ်သက်၍ ဤစာတမ်းတွင် ဖော်ပြသွားမည်မဟုတ်ပါ။



နိုင်ခြေများသည်။ အခြားတစ်ဖက်တွင် တိုင်းရင်းသားယဉ်ကျေးမှုအရ တစ်သမတ်တည်းဖြစ်သည့် အမှတ်လက္ခဏာများရှိသည့် ပထဝီနယ်မြေအခြေခံ ဖက်ဒရယ်စနစ်တွင် ဖက်ဒရယ်ယူနစ်များသည် ဗဟိုချုပ်ကိုင်မှုကို မည်သူတစ်ဦးတစ်ယောက်၏ လူမျိုးစုအုပ်စု၏ ရှင်သန်ရပ်တည်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် မရှုမြင်ဘဲ ၎င်းတို့၏ အာဏာတဖြည်းဖြည်းအားနည်းသွားခြင်းအပေါ် လက်ခံနိုင်ချေရှိသည်။ ဥပမာ - ပထဝီနယ်မြေအခြေခံ ဖက်ဒရယ်စနစ် ကျင့်သုံးသည့် အမေရိကန်ပြည်ထောင်စုသည် ဗဟိုဖြေလျှော့မှုများသည့်ပုံစံဖြင့် စတင်ခဲ့ပြီး ဗဟိုချုပ်ကိုင်သည့်ဖက်ဒရယ်စနစ်တစ်ခုအဖြစ် တဖြည်းဖြည်းဖြစ်တည်လာသည်။ သို့သော် ပထဝီနယ်မြေအခြေခံ ဖက်ဒရယ်စနစ်နှင့် လူမျိုးစုံ အခြေခံဖက်ဒရယ်စနစ်တို့ကို ပေါင်းစပ်ထားသည့် ကနေဒါနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလွန်ကဲသည့် ဖက်ဒရယ်စနစ်ဖြင့် အစပြုခဲ့သော်လည်း ဗဟိုဖြေလျှော့မှုများသည့် ဖက်ဒရယ်နိုင်ငံတစ်ခုအဖြစ်သို့ တဖြည်းဖြည်းဖြစ်တည်လာသည်။ အလားတူ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ဖက်ဒရယ်ယူနစ်အချို့သည် ယဉ်ကျေးမှုအရ ထူးခြားပြီး နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်သည့် လူမှုအဖွဲ့အစည်းများအဖြစ် ထိန်းသိမ်းထားလိုသည့် လူမျိုးစုလူနည်းစုများ၏ ဆန္ဒကို ကိုယ်စားပြုသည်။ ဤယူနစ်များသည် "လူမျိုးစုအခြေပြုယူနစ်များ" (nationality-based units) ဖြစ်သည်။ သို့သော် အချို့သော ဖက်ဒရယ်ယူနစ်များသည် အာဏာကို နယ်မြေဒေသအခြေပြုပြီး ဖြန့်ကြက်နိုင်ရန် တစ်ခုတည်းသော လူမျိုးစုအုပ်စုများ၏ဆုံးဖြတ်ချက်များကို ထင်ဟပ်ပြလိုသည့်ဆန္ဒကိုသာ ကိုယ်စားပြုနေသည်။ ဤယူနစ်များသည် "ပထဝီနယ်မြေ အခြေပြုယူနစ်များ (region-based units)" ဖြစ်သည်။ ထို့ကြောင့် လူမျိုးစု အခြေပြုယူနစ်များသည် ပထဝီနယ်မြေအခြေပြုယူနစ်များထက် မတူကွဲပြားပြီး ကျယ်ပြန့်သော အာဏာများကိုရယူရန် ကြိုးပမ်းနိုင်ချေပိုများသည်။ ၎င်းသည် ဖက်ဒရယ်စနစ် အများအပြားတွင် တွေ့ရနိုင်သည်။ ဥပမာ - အမေရိကန်ပြည်ထောင်စုတွင် ပထဝီဒေသအခြေပြု ပြည်နယ်များသည် ၎င်းတို့၏ အာဏာများကို တဖြည်းဖြည်းဆုံးရှုံးသွားကြပြီး ဖက်ဒရယ်စနစ်ပြင်ပရှိသော လူမျိုးစု-အခြေပြုဖက်ဒရယ်မဟုတ်သော ယူနစ်များ (သို့) ဖက်ဒရယ် တစ်ပိုင်းယူနစ်များသည် ပိုကြီးမားသည့် ကိုယ်ပိုင်အစိုးရ/အုပ်ချုပ်ရေးအာဏာများကိုရယူရန် ကြိုးပမ်းလာကြသည်။ ကနေဒါနိုင်ငံတွင် ကွိဘက်ပြည်နယ်သည် ကွိဘက်ကွိုက် (Quebecois) လူမျိုးများအတွက် ကိုယ်ပိုင်အစိုးရ/ အုပ်ချုပ်ရေးကို ရယူလာခဲ့သော်လည်း ကျန် ပြည်နယ် (၉) ခုသည် အင်္ဂလိပ် စကားပြောကနေဒါနယ်မြေများအတွင်း ပထဝီဒေသကိုသာ ထင်ဟပ်ပြနေသည်။ စပိန်နိုင်ငံတွင် လူမျိုးစုအခြေပြု ကယ်တစ်လိုးနီးယားဒေသနှင့် ဘာ့စ်ကမ်းထရီးဒေသ (Catalonia and the Basque Country) တို့သည် နိုင်ငံအတွင်းရှိ ပထဝီဒေသအခြေပြု ယူနစ်များထက် ပိုကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုရရှိရန် ကြိုးပမ်းကြသည်။ ထိုကဲ့သို့ တူညီသောပုံစံကို လူမျိုးစုအခြေပြု ကော်စီကာ (Corsica) ဒေသသည် ပထဝီဒေသအခြေပြုယူနစ်များထက် ပိုကြီးမားသော အာဏာများကိုရယူရန် ကြိုးပမ်းသည့် ပြင်သစ်နိုင်ငံတွင်လည်း တွေ့ရှိရသည်။

## ၃.၂) မည်သည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံတွင်မဆို ချမှတ်ရမည့် အစီအမံများ

လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်ခြင်းကို အာမခံချက်မပေးထားသည့် ရှိထားပြီးသား ဖက်ဒရယ်စနစ်အချို့၏ အားနည်းချက်အချို့ကို ဖော်ထုတ်ပြီးနောက်နှင့် နိုင်ငံတစ်ခုအတွင်းရှိ လူမျိုးစု လူနည်းစုများအတွက် "သင့်လျော်သော (သို့) တရားမျှတသော" (သို့) "အထူး" အစီအမံများကို ထည့်သွင်းစဉ်းစားခြင်း မပြုမီ မည်သည့်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့) ဖက်ဒရယ်အဖွဲ့ဝင်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းသင့်သည့် အစီအမံအမျိုးအစားများကို ရှင်းလင်းစွာ သိရှိထားရန် အရေးကြီးသည်။ ယေဘုယျသတ်မှတ်ချက်တစ်ခုအနေဖြင့် ဖက်ဒရယ်စနစ်တစ်ခုသည် အရေးကြီးသော အခြေခံမှုများအချို့တွင် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းအခြေခံမှုများမှာ (အစိုးရအရပ်ရပ်အကြား အာဏာများကို မျှဝေကျင့်သုံးသည့်) အာဏာခွဲဝေခြင်း (division of powers)၊ (အစိုးရတစ်ရပ်ချင်းစီ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များအကြား အာဏာဖြန့်ကြက်

ကျင့်သုံးခြင်း ဖြစ်သည့်) အာဏာပိုင်ခြားကျင့်သုံးခြင်း (separation of powers)၊ (ဆုံးဖြတ်ချက်များကို ပြည်သူလူထုနှင့် တပ်နိုင်သမျှ အနီးဆုံးချမှတ်ခြင်းကို အလေးထားသည့် အောက်ခြေမှအထက်သို့ အဆင့်ဆင့်တက်သွားသည့် ဆုံးဖြတ်ချက်ချခြင်းဖြစ်သည့်) လူထုနှင့်အနီးဆုံးအစိုးရများက ဆုံးဖြတ်ချက်သည့်မူ (subsidiarity principle) နှင့် (ဖက်ဒရယ်နိုင်ငံများ၏ လူမျိုးစုလူနည်းစုများနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ လူနည်းစုများအတွင်းရှိ လူနည်းစုများနှစ်မျိုးစလုံးကို အကာအကွယ်ပေးရန် အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်သည့်) အခြေခံလူ့အခွင့်အရေးများကို အခိုင်အမာအာမခံထားခြင်း (entrenchment of fundamental rights) တို့ဖြစ်ကြသည်။ ဤဖက်ဒရယ်အခြေခံမူများသည် Karmis and Norman (2005) တို့က ဖော်ထုတ်ထားသည့် အောက်ပါအထူးအစီအမံ (၄) မျိုးနှင့်ဆိုင်သော အဆိုနှင့် အခြေအတင်ဆွေးနွေးမှု (debate) များကို လမ်းညွှန်ပေးသည်။

**(က)** **အာဏာခွဲဝေခြင်း (The Division of Power)** - ဖက်ဒရယ်နိုင်ငံတစ်ခုအတွင်းရှိ အာဏာများကို ဒေါင်လိုက်နှင့် အလျားလိုက် မျှဝေကျင့်သုံးခြင်းဖြစ်သည်။ တစ်ခုမှာ ဖက်ဒရယ်နိုင်ငံတစ်ခုကို ဖွဲ့စည်းတည်ထောင်ထားသည့် မတူညီသော အစိုးရအရပ်ရပ်အကြား အချုပ်အခြာအာဏာများကို ခွဲဝေခြင်းဖြစ်ပြီး အခြားတစ်ခုမှာ အစိုးရတစ်ရပ်ချင်းစီ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများအကြား အာဏာများကို ဖြန့်ဝေခြင်း ဖြစ်သည်။ ဤအာဏာခွဲဝေမှုသည် အစိုးရအရပ်ရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှုကို ဖန်တီးပေးသည့်အပြင် တစ်ချိန်တည်းတွင် အစိုးရတစ်ရပ်ချင်းစီအတွင်း မဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းကျောင်းမှုကို ဖန်တီးပေးထားသဖြင့် ပြည်သူလူထု၏ အခွင့်အရေးများအတွက် လုံခြုံရေးဆိုင်ရာ အာမခံချက်နှစ်ခုကို ပေးထားသည်။ ဒေါင်လိုက်အာဏာခွဲဝေမှုတွင် မည်သည့်အကြောင်းအရာများကို အစိုးရတစ်ရပ်ချင်းစီ၏ သီးသန့်အာဏာများ အဖြစ်လည်းကောင်း၊ မည်သည့်အကြောင်းအရာများကို အစိုးရပ်နှစ်ရပ်လုံးက ကျင့်သုံးသွားရမည့် မျှဝေအာဏာ (သို့) ထပ်တူပြုအာဏာများအဖြစ်လည်းကောင်း အပ်နှင်းသွားမည့် ဆုံးဖြတ်ချက်များ ပါဝင်သည်။ လူထုနှင့် အနီးဆုံးအစိုးရမှ အာဏာကျင့်သုံးခြင်းမူ (subsidiarity principle) ကို အစိုးရအရပ်ရပ်အကြား အာဏာခွဲဝေရာတွင် လမ်းညွှန်မှုတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။ သို့သော် ထိရောက်မှု (efficiency) နှင့်သာတူညီမျှမှု (equity) ကဲ့သို့သော အခြားသော အခြေခံမူများကိုလည်း အာဏာခွဲဝေမှုတွင် အသုံးပြုကြသည်။

**(ခ)** **ဗဟိုအင်စတီကျူးရှင်းများတွင် ကိုယ်စားပြုခြင်း (Representation in Central Institutions)** - မည်သည့် ဖက်ဒရယ်နိုင်ငံတွင်မဆို ကျင့်သုံးသည့် ဖက်ဒရယ်စနစ်သည် "မျှဝေအုပ်ချုပ်ခြင်း (shared rule)' (ပါဝင် ဆောင်ရွက်ခြင်း) နှင့် "ကိုယ်ပိုင်အုပ်ချုပ်ခြင်း (self-rule)" (ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်) တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သဖြင့် ပါလီမန်/လွှတ်တော်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကဲ့သို့သော အရေးကြီးသော ဖက်ဒရယ် အင်စတီကျူးရှင်းများတွင် ကိုယ်စားပြုခြင်းသည် နိုင်ငံသားများ၊ လူနည်းစုအုပ်စုများနှင့် ပြည်ထောင်စုအဖွဲ့ဝင် ယူနစ်များအား ကဏ္ဍအချို့တွင် ၎င်းတို့၏မျှဝေအုပ်ချုပ်ခွင့်ကို ရရှိစေသည်။ များသောအားဖြင့် ဖက်ဒရယ်ပါလီမန်သည် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ် (အောက်လွှတ်တော်) သည် စည်းလုံးမှု (သို့) နိုင်ငံတော်၏ တူညီသောနိုင်ငံသားဖြစ်ခြင်းကို ကိုယ်စားပြုပြီး ကျန်လွှတ်တော် တစ်ရပ် (အထက်လွှတ်တော်) သည် စုံလင်ကွဲပြားမှု (သို့) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်စားပြုသည်။ ပထဝီနယ်မြေ (သို့) လူမျိုးစုတစ်ခု တည်းအခြေခံသည့် ဖက်ဒရယ်နိုင်ငံတစ်ခု၏ ဖက်ဒရယ်ယူနစ်များသည် ဖက်ဒရယ်အင်စတီကျူးရှင်းများတွင် အညီအမျှ ကိုယ်စားပြုခွင့်ရှိနေပြီး လူမျိုးစုပေါင်းစုံအခြေခံသည့် ဖက်ဒရယ်နိုင်ငံတစ်ခု၏ လူမျိုးစုလူနည်းစုများသည် ကိုယ်စားပြုခွင့်နိမ့်ကျသည့် အနေအထားများရှိနိုင်သည်။ သို့သော် လူနည်းစု



များသည် ဖက်ဒရယ်အင်စတီကျူးရှင်း အချို့တွင် အနည်းဆုံးကိုယ်စားပြုမှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအာမခံချက်မျိုး ရရှိထားနိုင်သည်။

(ဂ) **ဈေးကွက်များနှင့် ဥပဒေစနစ်များကို ပေါင်းစည်းခြင်း (The Integration of markets and legal systems)** - ဖက်ဒရယ်စနစ်တစ်ခု ကောင်းစွာလည်ပတ်နိုင်ရန်အတွက် နိုင်ငံရေးအာဏာများအပြင် စီးပွားရေးအာဏာများလည်း အစိုးရအရပ်ရပ်အကြားတွင် ခွဲဝေထားရမည်။ ဖက်ဒရယ်အစိုးရအား နိုင်ငံတစ်ဝန်း ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးရေးအတွက် တာဝန်အပ်နှင်းလေ့ရှိပြီး ဖက်ဒရယ်ယူနစ်များက ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်မှုများကို ကြပ်မတ်သည့် အာဏာများကို အပ်နှင်းလေ့ရှိသည်။ သို့သော် မည်သည့်ဖက်ဒရယ်နိုင်ငံတွင်မဆို နိုင်ငံတော်တည်ငြိမ်ရေးကို အနှောက်အယှက်ဖြစ်စေနိုင်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ သဟဇာတမဖြစ်မှုတစ်စုံတစ်ရာကို ကြိုတင်တားဆီးနိုင်ရန်အလို့ငှာ စီးပွားရေးကဏ္ဍကို ကြပ်မတ်သည့် အာဏာများ၊ အထူးသဖြင့် ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်မှုအပေါ် ကြပ်မတ်သည့်အာဏာများ ကန့်သတ်ချက်အချို့ဖြင့် ခွဲဝေအပ်နှင်းသင့်ပါသည်။ ထိုနည်းတူ ဖက်ဒရယ်ယူနစ်များ၏ မတူကွဲပြားသော တရားရေးစနစ်များကို ဖက်ဒရယ်နိုင်ငံတော်၏ ပို၍ကြီးမားသော ဥပဒေနှင့် တရားရေးစနစ်တစ်ခုအတွင်းသို့ ပေါင်းစည်းခြင်းနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားခြင်းမပြုမီ ဖက်ဒရယ်နိုင်ငံတစ်ခု၏ ဥပဒေ (သို့) တရားရေးဆိုင်ရာ ဝိသေသလက္ခဏာများ (သို့) တရားရေးဆိုင်ရာ ဖက်ဒရယ်စနစ်၏ မရှိမဖြစ်လိုအပ်သော ဝိသေသများကို ကောင်းစွာနားလည်သဘောပေါက်ထားရန် လိုမည်ဖြစ်သည်။

(ဃ) **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနည်းလမ်းနှင့် ခွဲထွက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ (The Amending Formula and Provisions for Secession)** - ဖက်ဒရယ်နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များ ပါရှိသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများ (ဥပမာ - ဆွစ်ဇာလန်နိုင်ငံ) သည် အထိုက်အလျောက်လွယ်ကူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များရှိသော်လည်း ဖက်ဒရယ် (သို့) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအများစုသည် ပြင်ဆင်ရန်ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ပြင်ဆင်ခြင်းလုပ်ထုံးလုပ်နည်းများကိုရေးဆွဲချိန်၌ မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကိုမဆို ဖက်ဒရယ်ပါလီမန်တွင် အများစု (သို့) အထူးအများစု၏ ထောက်ခံမဲများနှင့်အတူ အရေးကြီးသော ဖက်ဒရယ်ယူနစ်အားလုံး (သို့) အများစုက အတည်ပြုလိုအပ်သည်ဟု သတ်မှတ်ထားခြင်းဖြင့် တမင်ခက်ခဲအောင် လုပ်ထားသည်။ များသောအားဖြင့် အချို့သော ပြဋ္ဌာန်းချက်များအတွက် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို တင်းကြပ်စွာရေးဆွဲထားပြီး ကျန်ပြဋ္ဌာန်းချက်များအတွက် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်ကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ပြဋ္ဌာန်းထားသည်။ ဥပမာ - မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်ရသည့်လုပ်ငန်းစဉ်လွယ်ကူခြင်း (သို့) ခက်ခဲခြင်းအပေါ်မူတည်ပြီး အုပ်စုနှစ်စု ခွဲခြားသတ်မှတ်ထားသည်။ ပြင်ဆင်ရခက်ခဲသောလုပ်ငန်းစဉ်များ ပါဝင်သည့် ပြဋ္ဌာန်းချက်များအုပ်စုနှင့် ပြင်ဆင်ရ အထိုက်အလျောက်လွယ်ကူသည့် ပြဋ္ဌာန်းချက်များအုပ်စုဟူ၍ ခွဲခြားထားသည်။ မည်သည့်အရာက အရေးကြီးပြီး မည်သည့်အရာက အရေးမကြီးသည်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများ၏ ထင်မြင်ယူဆချက်အပေါ်တွင် မူတည်နေပြီး ၎င်းသည် နိုင်ငံအလိုက်ကွဲပြားနိုင်သည်။ ခွဲထွက်ရေး (secession) သည် အချို့သော ဖက်ဒရယ်နိုင်ငံများအတွက် အရေးကြီးသော ပြဋ္ဌာန်းချက်တစ်ခု ဖြစ်သည်။ အချို့နိုင်ငံများ (ဥပမာ - မြန်မာနိုင်ငံနှင့် အီဂျေဒါနိုင်ငံ) က ဖက်ဒရယ်ယူနစ်များ၏ ခွဲထွက်ရေးအခွင့်အရေးကို အတိအလင်း ပိတ်ပင်ထားသော်လည်း နိုင်ငံအချို့ (ဥပမာ - အီသီယိုးပီးယားနိုင်ငံ၊ စိန့်ခိစ်နှင့် နီဗစ်နိုင်ငံ၊ အုဇဘက်ကစ္စတန်နိုင်ငံ) က

ခွဲထွက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတိအလင်းပြဋ္ဌာန်းထားပြီး အဖွဲ့ဝင်ယူနစ်များကို ယင်းလုပ်ထုံးလုပ်နည်းများနှင့် အညီ ခွဲထွက်ခွင့်ပြုပေးထားသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေက ခွဲထွက်ရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြဋ္ဌာန်းထား ခြင်းမရှိသည့်အခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ် (သို့) ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး (ဥပမာ - ကနေဒါနိုင်ငံနှင့် စပိန်နိုင်ငံတို့၏ တရားရုံးများ) သည် တစ်ခါတစ်ရံတွင် ခွဲထွက်ရေးအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းများကို ချမှတ်ပေးနိုင်သည် (Ginsburg and Versteeg, 2019)။

မတူကွဲပြားသော ဖက်ဒရယ်နိုင်ငံများသည် ၎င်းတို့၏ နိုင်ငံအခြေအနေများ၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးနောက်ခံအချက်များနှင့် ကိုက်ညီရန် အထက်ပါဖက်ဒရယ်ဆိုင်ရာ အစီအမံ (၄) မျိုးနှင့် ပတ်သက်၍ အမျိုးမျိုးရှိနိုင်သည်။ အထက်ပါ ဖက်ဒရယ်အစီအမံ (၄) ခုအနက် တစ်ခုခုတွင် အာဏာ ဟန်ချက်ထိန်းညှိရန် ကြိုးပမ်းသည့်အခါ အုပ်ချုပ်သူအစိုးရ၏ နိုင်ငံရေးဆန္ဒနှင့် နိုင်ငံသားများ၏ တစ်စိုက် မတ်မတ်တောင်းဆိုမှုများ၊ (သို့) လူ နည်းစုအုပ်စုအချို့က ၎င်းတို့၏ အခွင့်အရေးများကို စွဲနပဲ တောင်းဆိုမှု များအပေါ် မူတည်ပြီး (လူမျိုးစု တစ်မျိုးတည်း အခြေခံသည့် ဖက်ဒရယ်နိုင်ငံဖြစ်စေ၊ လူမျိုးစုပေါင်းစုံအခြေ ခံသည့်နိုင်ငံဖြစ်စေ) အခြေတကျတည်ဆောက်ထားပြီးဖြစ်သည့် ဖက်ဒရယ်နိုင်ငံများသည် ဖက်ဒရယ် အစီအမံအမျိုးအစား (၄) မျိုးအနက် အချို့ (သို့) အားလုံးကို ပြုပြင်ပြောင်းလဲရန် လိုအပ်နိုင်သည် (သို့) ရွေးချယ်သွားနိုင်သည်။ နိုင်ငံတစ်ခု၏ မူလအစီအမံ ပုံစံကို ပြုပြင်ရန် (သို့) ပုံစံ သစ်တစ်ခုခုရေးဆွဲရန် ရည်ရွယ်မှုတစ်ခုခု အောင်မြင်ရန်အတွက် အထူးဖက်ဒရယ်အစီအမံများကို အကောင်အထည်ဖော်ရန် အတွက် အတည်ပြုချမှတ်ခြင်းမပြုမီ ယင်းအစီအမံများသည် ဘာကြောင့်အရေးကြီးသည်ကို အကျိုး အကြောင်းနှင့်တကွ ရှင်းပြနိုင်ရမည်ဖြစ်သည်။ နိုင်ငံတစ်ခု၏ မူလ (သို့) ရှိထားပြီးသား ဖက်ဒရယ်ပုံစံအပေါ် ရုတ်တရက် (သို့) တဖြည်းဖြည်းပြောင်းလဲမှုဖြစ်သော်လည်း အရေးကြီးသည့် မည်သည့် ပြောင်းလဲမှုမဆို (သို့) မည်သည့် ဖက်ဒရယ်ပုံစံပြောင်းလဲမှုအသစ်မဆို ယင်းနိုင်ငံ၏ ရေရှည်တည်တံ့ရေးအပေါ် သက်ရောက် နိုင်သဖြင့် အားလုံးအကျုံးဝင်ပြီး အဓိပ္ပါယ်ရှိသော ပြင်ဆင်မှုလုပ်ငန်းစဉ်တစ်ခု ရေးဆွဲချမှတ်ရန်မှာလည်း တန်းတူအရေးကြီးပါသည်။

## ၃. ၃) ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ချမှတ်နိုင်သည့် လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံများ

မည်သည့် ဖက်ဒရယ်နိုင်ငံမှ တိုင်းရင်းသားယဉ်ကျေးမှုအရ တစ်သမတ်တည်းဖြစ်နေခြင်း မရှိပါ။ လူမျိုးစု လူနည်းစုများကို လူမျိုးစုပေါင်းစုံရှိသည့် ဖက်ဒရယ်နိုင်ငံများတွင်သာမက ‘လူမျိုးစုတစ်မျိုးတည်း ရှိသော’ ဖက်ဒရယ်နိုင်ငံများ (သို့) ပထဝီနယ်မြေအခြေခံသည့် ဖက်ဒရယ်နိုင်ငံများတွင် တွေ့နိုင်သည်။ ဖက်ဒရယ်နိုင်ငံအားလုံးသည် လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံအမျိုးအစားအချို့ ရှိကြသည်။ သို့သော် လူမျိုးစုလူနည်း စုအုပ်စုများအားလုံးကို လိုက်လျောညီထွေဖြစ်စေခြင်း ရှိချင်မှရှိမည်။ သဘော သဘာဝအရ ဖက်ဒရယ်နိုင်ငံတစ်ခု၏ လူမျိုးစု (သို့) တိုင်းရင်းသားလူနည်းစု အုပ်စုအများစု၊ အထူးသဖြင့် ၎င်းတို့ကိုယ်ကို ထူးခြားသော တိုင်းရင်းသားအုပ်စုများ (distinct ethnic groups) အဖြစ်သာမက ဖက်ဒရယ်နိုင်ငံတစ်ခု၏ လူမျိုးစုတစ်ခု (nation) (သို့) လူမျိုးတစ်မျိုး (People) (သို့) တည်ထောင်သူများ (founder) အဖြစ် ရှုမြင်ကြသည့် လူမျိုးစုလူနည်းစုများသည် ၎င်းတို့ကိုယ်ကို ယဉ်ကျေးမှုအရထူးခြားပြီး နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရှိသော လူမှုအသိုင်းအဝန်းများအဖြစ် ခံယူလိုလေ့ရှိကြသည်။ လူမျိုးစု လူနည်းစုများက ၎င်းတို့ကိုယ်ကို ထူးခြားသော ယဉ်ကျေးမှုအုပ်စုများအဖြစ် ခံယူလိုသည့်ဆန္ဒကို ဖိနှိပ်ရန် နှင့် ၎င်းတို့ကို လူများစုယဉ်ကျေးမှုအတွင်းသို့ သွတ်သွင်းရန် အတိတ်ကာလ ကြိုးပမ်းမှုများနှင့် မတူ တော့ဘဲ လူမျိုးစုလူနည်းစုများ၏ ၎င်းတို့ကိုယ်ကို ထူးခြားသော ယဉ်ကျေးမှုအုပ်စုများအဖြစ် ခံယူလိုသည့် ဆန္ဒကို ဖိနှိပ်ရမည်မဟုတ်ဘဲ လိုက်လျောပေးသင့်သည်။ (သို့) လိုက်လျောပေးရမည်ဟူသည့်အချက်ကို



အသိအမှတ်ပြုမှု ပို၍များပြားလာသည်။ ဖက်ဒရယ်နိုင်ငံအချို့က ကျင့်သုံးလာခဲ့သည့် လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံအချို့ကို အောက်တွင်ဆွေးနွေးတင်ပြထားသည်။

(က) **အခြေခံအခွင့်အရေးများကို အကာအကွယ်ပေးခြင်း (Fundamental rights protection)** – ‘တရားရေးအရ အာဏာသက်ရောက်စေနိုင်သည့် အခြေခံအခွင့်အရေးများသည် ဖယ်ကြဉ်ခံရသူများနှင့် လူနည်းစုအုပ်စုနှင့် ပုဂ္ဂိုလ်များ” အတွက် အဓိကကျသော အကာအကွယ်များကို ပေးနိုင်သည်။’ (Bisarya, 2020:2)။ ဤ အခြေခံအခွင့်အရေးများကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် (အကယ်၍ရှိလျှင်) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှစ်ခုစလုံး၏ အခြေခံရပိုင်ခွင့်များ (Bill of Rights) အဖြစ် ပြဋ္ဌာန်းထားလေ့ရှိသည်။ ဤအခွင့်အရေးများသည် လူနည်းစုအုပ်စုများအတွက် အထူးအစီအမံများအဖြစ် မရှုမြင်မှုများ ရှိနိုင်သည်။ အထူးသဖြင့် ယင်းအခွင့်အရေးများသည် လူတစ်ဦးချင်းအခွင့်အရေးများသာပါဝင်ပြီး (သို့) တရားရေးအရ အာဏာသက်ရောက်မှုမရှိသော စုပေါင်းအခွင့်အရေးများသာ ပါဝင်နေလျှင် လူနည်းစုအုပ်စုများအတွက် အထူးအစီအမံများမဟုတ်ဟု ရှုမြင်စရာဖြစ်သွားနိုင်သည်။ သို့သော် ယင်းအခွင့်အရေးများတွင် လူနည်းစုအုပ်စုများ၏ တစ်ဦးချင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှစ်ခုစလုံးပါဝင်ပြီး ၎င်းတို့ကို ဗဟိုအစိုးရနှင့် ယူနစ်အစိုးရ နှစ်ခုစလုံး၏ မည်သည့်ချိုးဖောက်မှုမဆိုမှ အကာအကွယ်ပေးထားလျှင် ယင်းအခွင့်အရေးများသည် လူနည်းစုအုပ်စုများအတွက် အထူးအရေးကြီးနိုင်သည်။ ယင်းအခြေခံအခွင့်အရေးများသည် လူမျိုးစုလူနည်းစုများ (national minorities) အတွက်သာမက လူနည်းစုများအတွင်းရှိ လူနည်းစုများ (minorities within minorities) (ဤနေရာတွင် လူမျိုးစုလူများစုသည် ပထဝီနယ်မြေတစ်ခုတွင် လူနည်းစုအုပ်စုဖြစ်ခြင်း သို့မဟုတ် အချို့သောလူမျိုးစုများသည် နိုင်ငံတော်နှင့် ဒေသအဆင့်နှစ်ခုစလုံးတွင် လူနည်းစုအုပ်စု ဖြစ်ခြင်း ရည်ညွှန်းသည်။) အတွက်လည်း အလွန်ထိရောက်မှုရှိသည်။

(ခ) **ဒေသအဆင့် ပထဝီနယ်မြေအခြေခံ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Local Territorial Autonomy)** – ‘ဒေသအဆင့် ပထဝီနယ်မြေ အခြေခံကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ဖက်ဒရယ်နိုင်ငံများအတွင်းရှိ လူနည်းစုများအတွင်းရှိ လူနည်းစုများကို အကာအကွယ်ပေးသည့် နောက်ထပ်နည်းလမ်းတစ်ခု ဖြစ်သည်။” (Bisarya, 2020, 2) ‘လူမျိုးစု လူနည်းစုများသည် ပထဝီနယ်မြေအရ စုပုံတည်ရှိနေပြီး လူမျိုးစုလူနည်းစုများကို ဖက်ဒရယ်ယူနစ်အသီးသီးတွင် လူများစုအဖြစ် ပြောင်းလဲနိုင်ရန် ယူနစ်များ၏ နယ်နိမိတ်များကို ရေးဆွဲသတ်မှတ်နိုင်သည်။’ (Kymlicka:2005;271) ဖက်ဒရယ်ယူနစ်များအတွင်း ပိုသေးငယ်ပြီး ပထဝီနယ်မြေအရ စုပြုံနေထိုင်သည့် လူနည်းစုများကို အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများ ပေးနိုင်သည်။ ဤအစီအမံသည် (ဖက်ဒရယ်ယူနစ်တွင် လူများစုအုပ်စုများဖြစ်နေသည့်) လူမျိုးစုလူနည်းစုများနှင့် ဖက်ဒရယ်ယူနစ်များရှိ လူနည်းစုများအတွင်းမှ လူနည်းစုများနှစ်ခုစလုံးအတွက် အကာအကွယ်ပေးသည်။ ဤအစီအမံသည် ပြည်နယ် (သို့) ဒေသအဆင့်တွင် လူမျိုးစုလူနည်းစုအုပ်စုများလည်းကောင်း၊ ဖက်ဒရယ်ယူနစ်တစ်ခုအတွင်းရှိ ဒေသန္တရအဆင့်တွင် လူနည်းစုများအတွင်းမှ လူနည်းစုများကလည်းကောင်း ကျင့်သုံးနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (self-rule) ကို လည်း ထင်ဟပ်ပြနေသည်။

(ဂ) **နိုင်ငံတော် (သို့) ပြည်နယ်/ဒေသအဆင့်တွင် အသိအမှတ်ပြုခြင်းနှင့် ကိုယ်စားပြုခြင်း (Recognition and Representation at the national or state/regional level)** - ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ‘နိုင်ငံရေးအဝန်းအဝိုင်းတစ်ခုနှင့်ပတ်သက်၍ သင်္ကေတဆိုင်ရာနှင့် ဥပဒေဆိုင်ရာအရေးပါမှု (symbolic and legal importance) ကို ထုတ်ပြန်ကြေငြာပေးနိုင်သည်။’ (Bisarya, 2020: 4) တစ်နည်းအားဖြင့် ယင်း

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတစ်ခု (သို့) ဖက်ဒရယ်ယူနစ်တစ်ခုအတွင်းရှိ ရှိထားသည့် ဗဟုဝါဒ (pluralism) ကို အတိအလင်းအသိအမှတ်ပြုနိုင်သည်။ ယင်းသို့ အသိအမှတ်ပြုခြင်း အပြင် လူမျိုးစုလူနည်းစုအုပ်စုများ (သို့) လူနည်းစုများအတွင်းရှိ လူနည်းစုများ၏ ဖက်ဒရယ် (သို့) ပြည်နယ် /ဒေသအဆင့် အင်စတီကျူးရှင်းအချို့တွင် ကိုယ်စားပြုခွင့်ပေးခြင်းအားဖြင့် ဖက်ဒရယ်အဆင့် သို့/နှင့် ပြည်နယ်/ ဒေသအဆင့်တို့တွင် လူမျိုးစုလူနည်းစုများ၏ မျှဝေအုပ်ချုပ် ခွင့် (shared rule) ကို ပေးနိုင်သည်။ ရွေးကောက်ပွဲစနစ်များ (electoral systems)၊ ကိုတာ စနစ်များ (quotas) နှင့် အထူးအစီအမံများ (affirmative actions) ကို အသုံးပြုပြီး ဖက်ဒရယ် (သို့) ပြည်နယ်/ဒေသအဆင့် အင်စတီကျူးရှင်းများတွင် လူမျိုးစုလူနည်းစုများ (သို့) လူနည်းစုများ အတွင်းရှိ လူနည်းစုများ၏ သာတူညီမျှမှုရှိသော ကိုယ်စားပြုမှု (equitable representation) ကို မြှင့်တင်ပေးနိုင်သည်။



(ဃ) **ပထဝီနယ်မြေကို အခြေမခံသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Non-territorial autonomy - NTA)** - ပထဝီနယ်မြေကို အခြေမခံသည့် မတူညီသော အာဏာစုစည်းမှုပုံစံများအပြင် ပထဝီနယ်မြေကို အခြေမခံသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (NTA) ကို အထူးသဖြင့် ပထဝီနယ်မြေအရ ဖြန့်ကြက်နေထိုင် နေသည့် တိုင်းရင်းသားအသိုင်း အဝန်းများအတွက် ထည့်သွင်းစဉ်းစားသင့်သည်။ (Bisarya: 2020: 5). NTA ကို ပုံစံအမျိုးမျိုးဖြင့် ခွင့်ပြုနိုင်သည်။ သို့သော် ယေဘုယျအားဖြင့် NTA ပုံစံတွင် တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ အုပ်စုတစ်ခု၏ လူမှုဘဝအစိတ်အပိုင်းအချို့ကို စီမံအုပ်ချုပ်ရန် တာဝန်အပ်နှင်းခံရသည့် စနစ်တကျဖွဲ့စည်းထားသည့် အင်စတီကျူးရှင်းများ ပါဝင်သည်။ ဥပမာ - အီတလီနိုင်ငံမြောက်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်/ပြည်နယ်တစ်ခုဖြစ်သော South Tyrol တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းဥပဒေ (the Autonomy Statute) က ပညာရေး၊ ဘာသာ စကားနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် NTA ကို ရောယှက်နေထိုင်နေကြသည့် အဓိကဘာသာ စကားအုပ်စုနှစ်စုဖြစ်သော ဂျာမန်နှင့် အီတလီလူမျိုးတို့ကိုပေးထားသည်။ ထို့အပြင် ဘယ်လ်ဂျီယမ် နိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ မြို့တော်ဖြစ်သော Brussels တွင် ဥပဒေအရ ပြဋ္ဌာန်းထားသည့် လူမှုအဝန်းအဝိုင်းကောင်စီ (statutory community council) မှတစ်ဆင့် NTA ကို ဘာသာစကား နှင့် ယဉ်ကျေးမှုရေးရာများအတွက် ရောယှက်နေထိုင်ကြသည့် ဘာသာစကားအုပ်စုသုံးခု (ဒတ်ချ်၊ ပြင်သစ်နှင့် ဂျာမဏီ) တို့ကို ပေးထားသည် (Villiers: 2018: 585-586)။ ပေးထားသည်။ များသောအားဖြင့် မည်သည့် NTA ပုံစံမဆို ၎င်းတို့၏ နယ်ပယ်၊ အာဏာနှင့် ဘဏ္ဍာငွေ အနေ အထားတို့ကို ထည့်သွင်းစဉ်းစားသည်။ NTA အင်စတီကျူးရှင်းများ၏ တာဝန်များနှင့်ပတ်သက်၍ လွှမ်းခြုံမှုမှာ ကွဲပြားမှုရှိသည်။ သို့သော် ယေဘုယျအားဖြင့် ၎င်းတို့သည် ယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာနှင့်ဆိုင်သော ကဏ္ဍများကို လွှမ်းခြုံထားသည်။ NTA အင်စတီကျူးရှင်းများ၏ အာဏာများသည် တိုင်ပင်ဆွေးနွေးခံရပိုင်ခွင့် (the right to be consulted) မှသည် စီမံအုပ်ချုပ် ပိုင်ခွင့် (the right to actual governing powers) အထိ ကွဲပြားနိုင်သည်။ ထို့အပြင် NTA အင်စတီကျူးရှင်းများကို မည်သို့ ဘဏ္ဍာငွေပံ့ပိုးနိုင်သည်ဟူသည့် ဆုံးဖြတ်ချက်များသည် ၎င်း တို့၏ ထိရောက်မှုနှင့် လက်လှမ်းမီနိုင်မှုကို သတ်မှတ်ရာတွင် အရေးကြီးသည်။ ဤ နေရာတွင် မှတ်သားသင့်သည့်အချက်မှာ NTA ဆိုင်ရာ အစီအမံအများစုသည် လူနည်းစုအုပ်စုတစ်ခု (သို့) လူမျိုးစုလူနည်းစုအုပ်စုတစ်ခုနှင့် မည်သို့သက်ဆိုင်သည်နှင့်ပတ်သက်၍ လူတစ်ဦးချင်းအလိုက် မိမိကိုယ်ကို ခံယူသတ်မှတ်မှု (self-identification) နှင့်လည်း ဆိုင်သည်။

(င) **ဘာသာရေးဆိုင်ရာ ဥပဒေနှင့် တရားဝင်ဘာသာစကား (Religious Law and Official language)** - လူနည်းစုများ၏ နိုင်ငံရေးဆိုင်ရာ ထုတ်ဖော်ပြသပိုင်ခွင့်ကို ခွင့်ပြုခြင်းအပြင် လူနည်းစု များ၏ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ဖော်ပြသခွင့်ကိုခွင့်ပြုသည့် အစီအမံများကိုလည်း ကျင့်သုံးနိုင်



သည်။ (Bisarya: 2020: 7) ဖက်ဒရယ်နိုင်ငံ အများအပြားသည် ဘာသာရေးနှင့်ဆိုင်သော ဥပဒေအချို့ကို ပြဋ္ဌာန်းထားပြီး မည်သည့်နေရာတွင် နေထိုင်နေသည်ဖြစ်စေ လူတိုင်းနှင့် သက်ဆိုင်စေသည်။ ယင်းဖက်ဒရယ်နိုင်ငံများသည် လူမျိုးစုလူနည်းစုများ၏ ဘာသာစကားကို တရားဝင်ဆက်သွယ်ရေးအတွက် ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုရန် ထည့်သွင်းစဉ်းစားနိုင်သည်။ ထိုနည်းတူ ဖက်ဒရယ်ယူနစ်များသည် ၎င်းတို့၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်းရှိ လူနည်းစုများအတွင်းမှ လူနည်းစုများ၏ ဘာသာစကားကိုလည်း ယူနစ်၏ ရုံးသုံးဘာသာစကားတစ်ခုအဖြစ် အသိအမှတ်ပြုနိုင်သည်။ လူနည်းစုများ၏ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ဖော်ပြသမှုရရှိစေရန်အတွက် သေချာစေသည့် ဤအစီအမံများသည် လူမျိုးစုလူနည်းစုများနှင့် လူနည်းစုများအတွင်းရှိ လူနည်းစုများ၏ ၎င်းတို့၏ ကိုယ်ပိုင်ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်နှင့် တရားဝင်ဆက်သွယ်ရေးအတွက် အနည်းဆုံးအနေဖြင့် အားလုံးမဟုတ်သည့်တိုင် ၎င်းတို့၏ ဘာသာစကားအချို့ကို အသုံးပြုခွင့်ရရှိစေနိုင်သည်။

**(စ)** **ဖက်ဒရေစီ (Federacy)** - သေးငယ်သော လူမျိုးစုလူနည်းစုတစ်စုသည် ဖက်ဒရယ်ယူနစ်တစ်ခုတွင် လူများစုအုပ်စုတစ်ခုအဖြစ် ဖြစ်တည်ရန် မဖြစ်နိုင်သဖြင့် ကိုယ်ပိုင်အစိုးရ/အုပ်ချုပ်ရေးဆိုင်ရာ 'လူမျိုးစုလူနည်းစုများ၏ ရည်မှန်းချက်များ' ကို 'ဓနသဟာယနိုင်ငံများ (commonwealth)'၊ 'ဖက်ဒရေစီများ (federacies)'၊ 'ကာကွယ်စောင့်ရှောက်မှုရ နယ်မြေ (protectorates)' (သို့) 'ဆက်စပ်ပြည်နယ်များ (associated states)..' အဖြစ် 'ဖက်ဒရယ်စနစ်ပြင်ပတွင် လည်ပတ်နေသည့် နိုင်ငံရေးအင်စတီကျူးရှင်းများ (သို့) ပြည်နယ်/ဒေသအဆင့် စီရင်ပိုင်ခွင့်နယ်မြေများမှတစ်ဆင့် ရရှိနိုင်ပါသည် (Kymlicka, 2005: 285)။ ယင်းလူမျိုးစုလူနည်းစုအုပ်စုများသည် ၎င်းတို့၏ စီရင်ပိုင်ခွင့်နယ်ပယ်များအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် (self-rule) ကို ကျင့်သုံးကြသည်။ ဖက်ဒရယ်နိုင်ငံ အချို့သည် ယင်းလူမျိုးစုလူနည်းစုများကို ဖက်ဒရယ်အဆင့်အင်စတီကျူးရှင်းအချို့တွင် 'ပေါ့ပေါ့ပါးပါး (light)' (သို့) အကန့်အသတ်ရှိသည့် (limited) ကိုယ်စားပြုမှုပုံစံတစ်ခုခုကို ခွင့်ပြုကောင်း ခွင့်ပြုနိုင်သော်လည်း ပြည်နယ်/ ဒေသအဆင့် အင်စတီကျူးရှင်းများတွင်မူ ကိုယ်စားပြုခွင့် မရကြပေ။

## ၃.၄) လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေခြင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ။

ဖက်ဒရယ်စနစ်သည် လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံအတွင်းရှိ လူမျိုးစုလူနည်းစုများ၏ လိုအပ်ချက်များ နှင့်ဆန္ဒများကို အထက်တွင်ဖော်ပြထားသည့် အထူးအစီအမံများတစ်ဆင့် ဖြည့်ဆည်းပေးနိုင်ချေရှိသော နည်းလမ်းတစ်ခုဖြစ်နိုင်သော်လည်း လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ရာတွင် ရင်ဆိုင်ရနိုင်မည့် စိန်ခေါ်မှုများနှင့် ယင်းစိန်ခေါ်မှုများကို လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခုတွင် ပဋိပက္ခဖြေရှင်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တန်းတူညီမျှမှု၊ အားလုံးပါဝင်မှုနှင့် သည်းခံမှုတို့ကို မြှင့်တင်ခြင်း စသည်တို့အတွက် အခွင့်အလမ်းများအဖြစ် အသွင်ပြောင်းရန် အရေးကြီးပါသည်။ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်

### (က) စိန်ခေါ်မှုများ

**တစ်သားတည်းဖြစ်ခြင်း (Homogeneity)** လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခုတွင် မည်သည့်နယ်မြေမှ တိုင်းရင်းသားလူမျိုးအရ တစ်သားတည်း/တစ်မျိုးတည်း ဖြစ်နိုင်ချေ မရှိပါ။ နယ်မြေတစ်ခုသည် ကနဦးကာလတွင် တိုင်းရင်းသားလူမျိုးအရ တစ်မျိုးတည်း

ဖြစ်နေသည့်တိုင် ယင်းနယ်မြေသည် တိုင်းရင်းသားလူမျိုးအရ စုံလင်ကွဲပြားလာနိုင်သည်။ ထို့ကြောင့် အသစ်ဖန်တီးထားသည့် ပထဝီယူနစ်များတွင် လူများစုဖြစ်အောင် အချို့လူမျိုးစုလူနည်းစုများအတွက် ပထဝီနယ်နိမိတ်ရေးဆွဲခြင်းသည် တိုင်းရင်းသားလူနည်းစုအုပ်စုအသစ်များကို ဖန်တီးသွားနိုင်ချေမှာ ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ပထဝီနယ်မြေတစ်ခုသည် တိုင်းရင်းသားလူမျိုးအရ တစ်မျိုးတည်းမဖြစ်နေသရွေ့ နိုင်ငံတစ်ဝန်း ပြန့်ကျဲနေထိုင်နေသည့် လူမျိုးစုလူနည်းစုတစ်ခုသည် ယင်းနိုင်ငံအတွင်း ပထဝီနယ်မြေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (territorial autonomy) ရရန် ဖြစ်နိုင်ခြေမရှိလောက်ပင် ဖြစ်သည်။

**ဘုံအမှတ်လက္ခဏာ (shared or collective identity)** - ကိုယ်ပိုင်အစိုးရအခွင့်အရေးနှင့် အခြားသော အာဏာဖြေလျှော့သည့် နည်းလမ်းများသည် ပထဝီနယ်မြေတစ်ခုတွင် စုစည်းနေထိုင်သည့် လူမျိုးစုလူနည်းစုများ၏ အမှတ်လက္ခဏာများကို တည်ဆောက်ရန်နှင့် ခိုင်မာတောင့်တင်းလာစေရန်အတွက် အထောက်အကူပြုနိုင်သော်လည်း ၎င်းတို့သည် နိုင်ငံရေးအဝန်းအဝိုင်းတစ်ခု၏ ဘုံအမှတ်လက္ခဏာကိုလည်း အားနည်းသွားစေနိုင်သည်။ ပထဝီနယ်မြေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော လူမျိုးစုလူနည်းစုများနှင့် ပထဝီနယ်မြေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိသော လူမျိုးစုလူနည်းစုများသည် သည်းခံနိုင်စွမ်းကင်းမဲ့လာနိုင်ပြီး ၎င်းတို့အကြား ဖြစ်လာနိုင်ခြေရှိသည့် အကွဲအပြဲများသည် လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခုအတွင်းရှိ မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများအကြား စည်းလုံးညီညွတ်မှုတည်ဆောက်ရန်နှင့် ခိုင်မာတောင့်တင်းပြီး ကျစ်လစ်သိပ်သည်းသော ဘုံအမှတ်လက္ခဏာတစ်ခု တည်ဆောက်ရန်အတွက် အတားအဆီးတစ်ခုဖြစ်လာနိုင်သည်။

**ယဉ်ကျေးမှုပေါင်းစုံဆိုင်ရာ ထိခိုက်ခံစားလွယ်ခြင်း ဝိရောဓိ (The paradox of multicultural vulnerability)** - လူနည်းစုအုပ်စုများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် (Autonomy) ကို မြှင့်တင်ပေးသည့် နိုင်ငံတော်၏ လိုက်လျောညီထွေဖြစ်စေခြင်း အစီအမံသည် ယင်းအုပ်စုတွင်းရှိ အာဏာတည်ဆောက်ပုံအဆင့်ဆင့်ကို အားဖြည့်ထောက်ပံ့ပေးရာ ရောက်သွားနိုင်သည်။ ကောင်းမွန်စွာရည်ရွယ်ထားသည့် လူမျိုးစုလူနည်းစုများအား လိုက်လျောညီထွေ ဖြည့်ဆည်းပေးမှုသည် လူနည်းစုအုပ်စုများ၏ အဖွဲ့ဝင်အချို့အား အလွန်ဆိုးဝါးသော မတရားမှုများ ခံစားရစေနိုင်သည်။ ဤအခြေအနေမျိုးကို ယဉ်ကျေးမှုပေါင်းစုံဆိုင်ရာ ထိခိုက်ခံစားလွယ်ခြင်း ဝိရောဓိဟု ခေါ်ကြသည်။ (Schachar: 2000: 65) ၎င်းသည် ယဉ်ကျေးမှု ထိန်းသိမ်းခြင်းခေါင်းစဉ်အောက်တွင် လူနည်းစုအုပ်စုများအား ၎င်းတို့၏ အဖွဲ့ဝင်အချို့၊ ဥပမာ- အမျိုးသမီးများကို လက်အောက်ခံဖြစ်စေသည့် စိတ်ကြိုက်လုပ်ပိုင်ခွင့်လိုင်စင်ထုတ်ပေးသကဲ့သို့ ဖြစ်သွားနိုင်သည်။ (Shachar: 2000:78)

**ခွဲထွက်ခြင်း (သို့) အစိတ်စိတ်အမွှာမွှာပြိုကွဲခြင်း (Secession or disintegration/dissolution)** - ကိုယ်ပိုင်အစိုးရကို ဖြည့်ဆည်းပေးရာတွင် ဖက်ဒရယ်စနစ်၏ အောင်မြင်မှုသည် လူမျိုးစုလူနည်းစုများကို ခွဲထွက်ခွင့်တောင်းရန် အားပေးသွားနိုင်သည်။ (Kymilicka, 2005, 286) ဖက်ဒရယ်ယူနစ်အချို့ (သို့) လူမျိုးစုလူနည်းစုများသည် ဖက်ဒရယ်နိုင်ငံတစ်ခုမှ ခွဲထွက်သွားလိုသည့် အကြောင်းရင်းအမျိုးမျိုး ရှိနိုင်သည်။ လူမျိုးစုလူနည်းစုများက ဖက်ဒရယ်ဆိုင်ရာ အစီအမံအချို့ (သို့) အားလုံးသည် ၎င်းတို့အား တစ်မူထူးခြားသော 'လူမျိုးများ (peoples)' အဖြစ် အသိအမှတ်ပြုစေလိုသည့် ၎င်းတို့၏ ဆန္ဒနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (သို့) ကိုယ်ပိုင်အစိုးရအတွက် ၎င်းတို့၏ဆန္ဒတို့ကို ဖြည့်ဆည်းပေးခြင်းမရှိဟု မြင်နိုင်သည်။ နယ်မြေယူနစ်များ တစ်ခုပြီးတစ်ခု ခွဲထွက်သွားခြင်းသည် ဖက်ဒရယ်နိုင်ငံတစ်ခု အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားခြင်းသို့ ရောက်ရှိသွားနိုင်သည်။





## (ခ) အခွင့်အလမ်းများ

**ပဋိပက္ခဖြေရှင်းခြင်း (Conflict Resolution)** – လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံများရှိ ရှည်ကြာပြီး ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခအများအပြားသည်မတူညီသော တိုင်းရင်းသား အုပ်စုများအကြား တန်းတူညီမျှမှုမရှိသော လုပ်ပိုင်ခွင့်အာဏာများခွဲဝေသည့် အစီအမံများမှ ပေါ်ပေါက်လာကြသည်။ ထိုသို့ဖြစ်နေပါက ပထဝီနယ်မြေတစ်ခုတွင် စုစည်းနေထိုင်သည့် တိုင်းရင်းသားလူနည်းစုများအား ပထဝီနယ်မြေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပေးခြင်း (သို့) နိုင်ငံရေးယူနစ်တစ်ခုအတွင်း ပြန့်ကျဲနေထိုင်နေသည့် လူမျိုးစုလူနည်းစုများကို ပထဝီနယ်မြေဆိုင်ရာမဟုတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပေးခြင်းသည် လူများစုနှင့် လူနည်းစုတိုင်းရင်းသား အုပ်စုများအကြား ပဋိပက္ခများအား ဖြေရှင်းပေးသွားနိုင်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အမှတ်လက္ခဏာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း (Preservation of Autonomy and Identity)** – လူမျိုးစုလူမျိုးစုများနှင့် ယဉ်ကျေးမှုအရ ထူးခြားကွဲထွက်သည့် လူမျိုးစုလူနည်းစုများအား လိုက်လျောညီထွေဖြစ်စေခြင်းသည် ယင်းလူနည်းစုများအား လူများစု ယဉ်ကျေးမှုထဲသို့ အတင်းသွတ်သွင်းခြင်း (သို့) စနစ်တကျ သို့သော် စိတ်ဆန္ဒမပါဘဲ သွတ်သွင်း ခြင်းမခံရဘဲ ၎င်းတို့၏ တစ်မူထူးခြား ယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာများကို ထိန်းသိမ်း စောင့်ရှောက်ရာတွင်လည်း အထောက်အကူပြုနိုင်သည်။ လူများစုယဉ်ကျေးမှုသို့ အတင်း သွတ်သွင်းခြင်းသည် လူများစုနှင့် လူနည်းစုများအကြား ပဋိပက္ခရင်းမြစ်တစ်ခုဖြစ်လာနိုင်သည်။ လူမျိုးစုလူနည်းစုများအား လိုက်လျောညီထွေဖြစ်စေခြင်းသည် ခွဲထွက်ခြင်းအန္တရာယ်ရှိလာနိုင် ခြင်းကြောင့် လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခု၏ အဖွဲ့ဝင်များအတွက် ဘုံအမှတ်လက္ခဏာ ခံစားချက်တစ်ခုတည်ဆောက်ခြင်းသည် မဖြစ်မနေလိုအပ်သည်။

**တန်းတူရေး၊ အားလုံးပါဝင်ရေးနှင့် သည်းခံရေးတို့ကို မြှင့်တင်ပေးခြင်း (Promotion of equality, inclusiveness and tolerance)** - လူမျိုးစုလူနည်းစုများသည် တန်းတူဆက်ဆံခံရပြီး အရေး ကြီးဆုံးဖြတ်ချက် များချမှတ်ရာတွင်ပါဝင်လျှင်၊ ၎င်းတို့ ထူးခြားသော ယဉ်ကျေးမှုဆိုင်ရာအမှတ် လက္ခဏာများကို လက်ခံကြလျှင် ၎င်းတို့သည်တစ်ခုလုံး၏ ဆန္ဒအလျောက်ပါဝင်နေသည့် အစိတ် အပိုင်းများ ဖြစ်လာနိုင်ချေများသည်။ ၎င်းသည် လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံနေထိုင် သည့် နိုင်ငံတွင် ကွဲပြားစုံလင်မှုများအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားနိုင်စေ သည်။ ထို့ကြောင့် လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းတွင် တိုင်းရင်းသားလူနည်းစုများကို တန်းတူရည်တူဆက်ဆံခြင်း၊ ၎င်းတို့ပါဝင်သည့်အားလုံးပါဝင်မှု ရှိသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာများကို လက်ခံခြင်းတို့ ပါဝင်ရမည်ဖြစ်ပြီး ယင်းဆောင်ရွက်ချက်များကို တိုင်းရင်းသားအုပ်စုများအကြား ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အရေးကြီးသော အစိတ်အပိုင်းများ အဖြစ် သတ်မှတ်နိုင်သည်။

အခန်း (၄)

# မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေ ဖြစ်စေခြင်း။



မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်ခုဖြစ်ပြီး ဗမာတိုင်းရင်းသားလူမျိုးသည် အခြားလူနည်းစုတိုင်းရင်းသားလူမျိုး (၇) မျိုးနှင့် ပို၍သေးငယ်သော တိုင်းရင်းသားအုပ်စုများပေါ် ကြီးစိုးသည့် လူများစုတိုင်းရင်းသားအုပ်စုတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်တည်ဆောက်ရန် စိတ်ကူးစိတ်သန်းသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှကိုလိုနီထံမှ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကတည်းက စတင်ပေါ်ပေါက်လာခဲ့သည်။ သို့သော် လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၇၀) ကျော်လာသည့်တိုင် မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးရည်မှန်းချက်သို့ မရောက်ရှိနိုင်သေးပေ။ အာဏာရအစိုးရ၊ အထူးသဖြင့် စစ်အာဏာရှင်အစိုးရအဆက်ဆက်တို့၏ စနစ်တကျဖိနှိပ်အုပ်ချုပ်မှုနှင့် ရေရှည်နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သွတ်သွင်းမှုများရှိစေကာမူ လူနည်းစုတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ရုန်းကန်လှုပ်ရှားမှုသည် မည်သည့်အခါမျှ လုံးဝပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်ရှင်သန်ကာ နိုင်ငံတစ်ဝန်းဖက်ဒရယ်လှုပ်ရှားမှုများကို အားဖြည့်လှုပ်ဆော်ပေးလာနိုင်ခဲ့သည်။ ထို့ကြောင့် လူနည်းစုတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တရားမျှတမှုဆိုင်ရာတောင်းဆိုမှုများကို လိုက်လျောဖြည့်ဆည်းသည့် အထူးအစီအမံများကို လေ့လာဖော်ထုတ်ခြင်းမပြုမီ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို လူနည်းစုတိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ ရုန်းကန်လှုပ်ရှားမှုရှုထောင့်မှ လေ့လာကြည့်သင့်ပါသည်။

## ၄.၁) သမိုင်းကြောင်းဆိုင်ရာ ခြုံငုံတင်ပြခြင်း - မြန်မာနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန် ဘာကြောင့်ပျက်ကွက်ရသနည်း။

မြန်မာနိုင်ငံသည် စုစုပေါင်းလူဦးရေ (၅၄) သန်းကျော်ရှိသော နိုင်ငံတစ်ခုဖြစ်ပြီး အဓိကတိုင်းရင်းသားလူမျိုး (၈) မျိုး (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်း) နှင့် လူနည်းစုလူမျိုးအများအပြားဖြင့် ဖွဲ့စည်းထားသည်။ လူနည်းစုလူမျိုးအချို့သည် အဓိကတိုင်းရင်းသားလူမျိုးများ၏ အုပ်စုခွဲများ ဖြစ်ကြသည်။ မြန်မာနိုင်ငံ ဖြစ်တည်လာပုံနှင့်ပတ်သက်၍ သမိုင်းကြောင်းဆိုင်ရာ တင်ပြပြောဆိုမှု နှစ်မျိုးနှစ်စားရှိသည်။ လူများစုတိုင်းရင်းသားအုပ်စုဖြစ်သော ဗမာများ၏ တင်ပြပြောဆိုမှုအရ (ယနေ့ မြန်မာနိုင်ငံဟု ခေါ်သည့်) ဗမာနိုင်ငံကို ဗြိတိသျှကိုလိုနီတို့က သိမ်းပိုက်ပြီး နှစ်ပေါင်း (၆၀) ကျော်ကြာရှည်ခဲ့သည့် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကို တည်ဆောက်ခြင်းမပြုမီ ဗမာမဟုတ်သော တိုင်းရင်းသားအုပ်စုများ၏ ပထဝီနယ်မြေများကို ဗမာဘုရင်များက သိမ်းပိုက်ခဲ့ပြီး ဗမာဘုရင်နိုင်ငံ တော်အချို့၏ အစိတ်အပိုင်းများဖြစ်ခဲ့သည်။ အခြားတစ်ဖက်တွင် ဗမာမဟုတ်သော အဓိကတိုင်းရင်းသားအုပ်စုများက ၎င်းတို့၏ ဘိုးစဉ်ဘောင်ဆက်များသည် ၎င်းတို့၏ ဇာတိမြေများတွင် ၎င်းတို့၏ကိုယ်ပိုင်ဘုရင်များ (သို့) အုပ်ချုပ်သူများဖြင့် သီးခြားလွတ်လပ်စွာနေထိုင်လာခဲ့ကြပြီး ၎င်းတို့၏ ပထဝီနယ်မြေဆိုင်ရာ ဇာတိမြေများသည် ဗမာဘုရင်များ၏ အပြည့်အဝထိန်းချုပ်မှုအောက်သို့ မည်သည့်အခါမှ မကျရောက်ခဲ့ဟု အခိုင်အမာပြောဆိုကြသည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ဗမာ/မြန်မာနိုင်ငံသည် (တနင်္သာရီ၊ ရခိုင်၊ ပဲခူးနှင့် ဧရာဝတီတိုင်းတို့ဖြင့် ဖွဲ့စည်းထားသည့်) ‘ဗမာပြည်မ (Burma Proper or Ministerial Burma)” နှင့် (ရှမ်းဘုရင်နိုင်ငံတော်များ၊ ချင်းတောင်တန်းများနှင့် ကချင်နယ်မြေများပါဝင်သည့်) ‘တောင်တန်းဒေသများ (frontier areas or secluded areas or Scheduled Areas)’ ဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်။ (Frontier Myanmar,



2017) ဗြိတိသျှတို့သည် ဗမာပြည်မတွင် တိုက်ရိုက်အုပ်ချုပ်ရေး (direct rule) ကို တည်ဆောက်ခဲ့သည်။ သို့သော် ကချင်၊ ချင်း၊ ရှမ်းနှင့် ကရင်နီလူမျိုးများ နေထိုင်သည့် တောင်တန်းဒေသများတွင် သွယ်ဝိုက်အုပ်ချုပ်ရေး (indirect rule) တည်ဆောက်ခဲ့ပြီး ယင်းဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုထားခဲ့သည်။

ဗြိတိသျှတို့က မြန်မာနိုင်ငံကိုထွက်ခွာရန် ဆုံးဖြတ်ပြီးနောက်တွင် လွတ်လပ်ရေးမတိုင်ခင် အစောပိုင်းနေ့များတွင် ဗမာပြည်မကို ကိုယ်စားပြုသည့် ဗမာမျိုးချစ်သူရဲကောင်းတစ်ဦးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ချင်း၊ ရှမ်းနှင့် ကချင်စသည့် လူနည်းစုတိုင်းရင်းသားအုပ်စုအချို့၏ ကိုယ်စားလှယ်များအကြား ပင်လုံညီလာခံဟု ခေါ်ဝေါ်သည့် အစည်းအဝေးတစ်ခုကို ကျင်းပခဲ့သည်။ အစည်းအဝေး၏ ရလာဒ်မှာ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ဖြစ်ပြီး ထိုစာချုပ်အရ အဆိုပါအုပ်စုများသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် မူအားဖြင့် သဘောတူခဲ့ကြသည်။ ထိုစာချုပ်တွင် “ခွဲထွက်ခွင့်” နှင့် “ဖက်ဒရယ်စနစ်” စကားရပ်များကို ဖော်ပြထားခြင်းမရှိသော်လည်း “စီရင်အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အပြည့်အဝ (full administrative and financial autonomy)” နှင့် “ အခြေခံကျသော ဒီမိုကရေစီအခွင့်အရေးများ (fundamental democratic rights)” များ ထည့်သွင်းဖော်ပြထားခြင်းဖြင့် “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရေးနှင့် ဒီမိုကရေစီအခွင့် အရေးဆိုင်ရာ တိုင်းရင်းသားများ၏ မျှော်မှန်းချက်များ” ကို ထင်ဟပ်ပြနေပြီး “ဖက်ရယ်ပြည်ထောင်စုဆိုင်ရာ နိုင်ငံရေးစနစ်တစ်ခု တည်ဆောက်ရန် ရည်ရွယ်ခဲ့သည်။” (BNI Multimedia Group, 2016) ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့ကိုသာ ခွဲထွက်ခွင့်အခွင့်အရေးများ ပေးထားသည့် ခွဲထွက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းထားသည်။ (Rau, 1948: 199) ပင်လုံစာချုပ်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခွဲထွက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်တို့သည် ကြီးစိုးသည့် ဗမာတိုင်းရင်းသားလူမျိုးများနှင့် ဗမာမဟုတ်သော အဓိကတိုင်းရင်းသားလူမျိုးများအကြား အမြစ်တွယ်နေသည့် ယုံကြည်မှုချို့တဲ့ခြင်းကို မီးမောင်းထိုးပြနေသည်။ ယင်းယုံကြည်မှုချို့တဲ့ခြင်းသည် ဗြိတိသျှတို့ မြန်မာနိုင်ငံကို မရောက်လာမီ နှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့ပြီး ဗြိတိသျှကိုလိုနီတို့၏ “သွေးခွဲအုပ်ချုပ်ရေး (divide and rule)” ချဉ်းကပ်မှုများဖြင့် ထပ်မံနက်ရှိုင်းစေခဲ့သည်။ ဆိုလိုသည်မှာ လွတ်လပ်ရေးရရှိချိန်တွင် မြန်မာနိုင်ငံသည် တိုင်းရင်းသားအုပ်စုများအကြား တင်းမာမှုများသည် နက်ရှိုင်းစွာရှိနှင့်နေပြီးသားဖြစ်သည်။

ထို့ကြောင့် လွတ်လပ်ရေးပြီးကတည်းက မြန်မာနိုင်ငံသည် ရှည်ကြာသော ပြည်တွင်းစစ်များနှင့် လက်နက်ကိုင်ပဋိပက္ခများအပြင် ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs)၊ ဒုက္ခသည်များနှင့် ကြီးမားသော ပြည်တွင်းပြည်ပရွှေ့ပြောင်းနေထိုင်မှုများကိုဖြစ်ပေါ်စေသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများကို တွေ့ကြုံခံစားလာခဲ့ရသည်။ ‘တိုင်းရင်းသားစုံလင်ကွဲပြားမှုဆိုင်ရာကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြေရှင်းရန် အစိုးရ၏တစ်လျှောက်လုံး ငြင်းဆန်လာမှုသည် နိုင်ငံအတွင်းရှိ ပြည်တွင်းစစ်များ၏ အခြေခံကျသော ပြဿနာရင်းမြစ်တစ်ခု ဖြစ်သည်’ (The IRRAWADY, 2010)။ ဗမာမဟုတ်သော အဓိကတိုင်းရင်းသားလူမျိုးများ၏ ၎င်းတို့ကို “တစ်မူထူးခြားသော လူမျိုးများ (dinstinct peoples) ’ အဖြစ် အသိအမှတ်ပြုခံရအောင် တစ်စိုက်မတ်မတ် ကြိုးပမ်းလာခဲ့ကြသည်။ ၎င်းတို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေးတန်းတူရေးဆိုင်ရာ တောင်းဆိုမှုများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အထူးအစီအမံများဖြင့် တစ်စုံတစ်ရာ လိုက်လျောဖြည့်ဆည်းပေးခြင်း မရှိပေ။ သို့ရာတွင် အစိုးရအဆက်ဆက်တို့သည် အထူးသဖြင့် အကြမ်းဖက်စစ်အာဏာသိမ်းမှုများမှတစ်ဆင့် အာဏာရလာသည့် စစ်အစိုးရတို့သည် ယင်းတောင်းဆိုချက်များကို တစ်လျှောက်လုံးလျစ်လျူရှုလာခဲ့သည်။ ထိုအစား စစ်အစိုးရတို့သည် ဗမာမဟုတ်သော လူနည်းစုတိုင်းရင်းသားလူမျိုးများကို စနစ်တကျဖိနှိပ်အုပ်ချုပ်ခြင်း၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရ သွတ်သွင်းခြင်းတို့ကိုသာ ပြုလုပ်လာခဲ့သည်။ ငြင်းပယ်၍မရသော အချက်အလက် အမှန်တစ်ခုမှာ စစ်တပ် (သို့) ဗမာ့တပ်မတော်သည် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း



ခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ၂၀၁၁ ခုနှစ်၌ အရပ်သားတစ်ပိုင်းအစိုးရအသစ် အာဏာရလာသည်အထိ နိုင်ငံတော်ကို ဆယ်စုနှစ်ပေါင်းများစွာ တရားမဝင်အုပ်ချုပ်လာခဲ့ခြင်းနှင့် သက်တမ်းတိုခဲ့သည့် အရပ်သားတစ်ပိုင်း အစိုးရနှစ်ရပ်၏ သက်တမ်းအတွင်း တပ်မတော်သည် နိုင်ငံ၏ နိုင်ငံရေးကိစ္စများတွင် မလိုလားအပ်ဘဲ ဝင်ရောက် စွက်ဖက်ခဲ့ခြင်းတို့သည် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းမှုအချို့ မအောင်မြင်စေသည့် အဓိကဇာတ်ကောင်တစ်စုဖြစ်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသည့် နောက်ထပ်အဓိကဇာတ်ကောင်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) (တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ EROs ဟုလည်း ခေါ်ဝေါ်ကြသည်) ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေးတန်းတူရေးဆိုင်ရာ အခွင့်အရေးများအတွက် ဗမာမဟုတ်သော လူနည်းစုတိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းစွာတောင်းဆိုမှုပုံစံဖြင့် မူလအစတွင် စတင်ခဲ့သော်လည်း ၎င်းတောင်းဆိုမှုများသည် တစ်လျှောက်လုံးလျစ်လျူရှုခံရသည့်အပြင် မြန်မာအစိုးရ အဆက်ဆက်၏ အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖြိုခွင်းခြင်းကို ခံခဲ့ရသဖြင့် ၎င်းတို့၏ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာများကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့်အတူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ရှိသော ထူးခြားသောလူမျိုးများအဖြစ် အသိအမှတ်ပြုခံရရေးဆိုင်ရာ ၎င်းတို့၏နိုင်ငံရေးရည်မှန်းချက်များကို ရရှိရန်အတွက်လည်းကောင်း ဗမာမဟုတ်သော တိုင်းရင်းသားလူနည်းစုများသည် အခြားရွေးချယ်စရာနည်းလမ်းတစ်ခုအနေဖြင့် လက်နက်စွဲကိုင်ခဲ့ရသည်။ စစ်အစိုးရနှင့် ဗမာကြီးစိုးသည့် အစိုးရအဆက်ဆက်တို့က ဗမာမဟုတ်သော လူနည်းစုတိုင်းရင်းသားများ၏ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ တောင်းဆိုမှုများကို လိုက်လျောရန် ဆက်လက်ငြင်းဆန်နေမှုနှင့်အတူ တိုင်းရင်းသားခုခံတော်လှန်ရေး အဖွဲ့အရေအတွက်သည် အချိန်ကြာလာသည်နှင့်အမျှ ပိုများလာသည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတွင် ဗမာမဟုတ်သော လူနည်းစုတိုင်းရင်းသားများ အများစုနေထိုင်သော ပြည်ထောင်စုအဖွဲ့ဝင် ယူနစ်များ (သို့) ပြည်နယ်များသည် ၎င်းတို့၏ ကိုယ်ပိုင်အရေးအရာများကို စီမံအုပ်ချုပ်နိုင်သည့် (ကိုယ်ပိုင်အုပ်ချုပ် ခွင့်-self-rule) နှင့် နိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်သော အရေးအရာများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် (မျှဝေအုပ်ချုပ်မှု - shared rule) အချုပ်အခြာအာဏာများ ရှိကြသည်။ ၂၀၂၁ ခုနှစ် ဖြစ်ပွားခဲ့သည့် မကြာသေးခင်က စစ်အာဏာသိမ်းမှု မဖြစ်ခင်အထိတွင် စစ်တပ်ကို ဆန့်ကျင်သည့် ဗမာလက်နက်ကိုင်ခုခံတော်လှန်ရေး အဖွဲ့အချို့ ရှိခဲ့သော်လည်း လက်နက်ကိုင်ခုခံတော်ရေးအဖွဲ့အများစုမှာ ဗမာမဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည်။ ယင်းဗမာမဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် စစ်တပ်၏ဖိနှိပ်အုပ်ချုပ်မှုနှင့် နိုင်ငံ့ရေးရာများ၌ လူများစုဗမာလူမျိုးတို့၏ ကြီးစိုးမှုတို့ကို မဆုတ်မနစ်ခုခံတော်လှန်လာခဲ့ကြပြီး နိုင်ငံတစ်ဝန်းရှိ ဖက်ဒရယ်အရေး လှုပ်ရှားမှုများကို အဓိကဦးဆောင်လာခဲ့ကြသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု ပေါ်ပေါက်လာသည့်အခါ လူများစုဗမာလူမျိုးအများပြားသည် ရက်စက်ယုတ်မာသော ဗမာစစ်တပ်ကို ဆန့်ကျင်ပြီး ခုခံတော်လှန်ရန် ရွေးချယ်လာကြပြီး မြန်မာနိုင်ငံအတွင်း အာဏာရှင်စနစ်မှန်သမျှကိုဖယ်ရှားရန်နှင့် ဖက်ဒရယ်စနစ်တစ်ခု တည်ဆောက်ရန်ကြိုးပမ်းရာတွင် ရှိထားပြီးသား လူနည်းစုတိုင်းရင်းသား ခုခံတော်လှန်ရေးအုပ်စုများနှင့် ပူးပေါင်းလာကြသည်။

လက်ရှိတွင် စစ်တပ်အာဏာသိမ်းလာသည်မှာ နှစ်နှစ်ကျော်ကြာလာပြီဖြစ်သည်။ သို့သော် စစ်တပ်ဘက်ကဖြစ်စေ EROs နှင့် အခြားခုခံတော်လှန်ရေးအုပ်စုများဖြင့် ဖွဲ့စည်းထားသည့် ခုခံတော်လှန်ရေးအင်အားစုဘက်ကဖြစ်စေ နိုင်ငံတော်ကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း မရှိသေးပါ။ ဘက်နှစ်ဘက်စလုံးက မြန်မာနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန် မူအားဖြင့်သဘောတူထားကြသော်လည်း မြန်မာ့နိုင်ငံရေးပြဿနာ၏ရင်းမြစ်ကို ကိုင်တွယ်ဖြေရှင်းသည့် ဖက်ဒရယ်ဆိုင်ရာ အစီအမံအချို့ကို

လေ့လာဖော်ထုတ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသွားရန် လိုမည်ဖြစ်သည်။

## ၄.၂) မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများအတွက် အထူးအစီအမံများ

မြန်မာနိုင်ငံကို အရပ်သားတစ်ပိုင်းအစိုးရနှစ်ရပ် အုပ်ချုပ်ခဲ့သည့် ကာလ (၂၀၁၁-၂၀၂၀) အတွင်း ဖော်ဆောင်ခဲ့သည့် နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်သည် လွှတ်တော်တွင်း လမ်းကြောင်းမှ လည်းကောင်း၊ (သို့) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးစာချုပ် (NCA) အောက် ဖော်ဆောင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်လမ်းကြောင်းမှလည်းကောင်း ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးမှုများကို ပြန်လည်အသက်သွင်းခဲ့သည်။ သို့သော် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် အစပြုခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “ အချို့သော တိုင်းရင်းသားလူမျိုးများကို အသိအမှတ်ပြုမှုတစ်စုံတစ်ရာ ပေးထားပုံပေါ်သည့် ပြဋ္ဌာန်းချက်အချို့ ပါရှိပြီး” ဖြစ်သည် (Crouch: 2015: 1)။ Crouch (2015) က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ပေးထားသည့် တိုင်းရင်းသားလူမျိုးများ၏ အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ထောက်ပြထားသည်။

**(က) သင်္ကေတဆန်သော အသိအမှတ်ပြုမှု** - ပြည်နယ်ခုနှစ်ခု၊ တိုင်းဒေသကြီးခုနှစ်ခုဖြင့် ပထဝီနယ်မြေခွဲခြား သတ်မှတ်ခြင်း။ (Symbolic Recognition: Territorial division of the seven states and regions) ပြည်နယ်ခုနှစ်ခုသည် ဗမာမဟုတ်သော အဓိကတိုင်းရင်းသားလူမျိုးများကို အခြေခံသည့် ပြည်နယ်များဖြစ်ပြီး တိုင်းဒေသကြီးခုနစ်ခုသည် ဗမာလူမျိုးကို အခြေခံသည့် တိုင်းဒေသကြီးများ ဖြစ်သည်။[၆] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ထိုသို့ အသိအမှတ်ပြုမှုသည် သင်္ကေတဆန်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ခေါင်းဆောင်များခန့်အပ်မှုကို ပြည်ထောင်စုအစိုးရက ထိန်းချုပ်ထားသောကြောင့် ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များကို လွှတ်တော်တစ်ရပ်တည်းဖြင့် ဖွဲ့စည်းထားသည့် (ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်၏) ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်သည်။ သို့ရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုမှုပုံစံသည် (၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီးများတွင် လူများစုအုပ်စုဖြစ်နေသည့်) အဓိက တိုင်းရင်းသားလူနည်းစုအုပ်စုများက ၎င်းတို့၏ ပထဝီနယ်မြေဆိုင်ရာ ပြည်နယ်များ/တိုင်းဒေသကြီးများရရှိစေသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းဖြစ်သည်။ ထို့ကြောင့် (ပိုသေးငယ်သော တိုင်းရင်းသားအုပ်စုများ အကျုံးမဝင်ဘဲ) အဓိကတိုင်းရင်းသား လူမျိုးအုပ်စုများကသာ ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုမှုအမျိုးအစားကို ရရှိကြသည်။

**(ခ) အထူးကိုယ်စားပြုမှု** - တိုင်းရင်းသားရေးရာဝန်ကြီးများ (Special Representation: Ministers for National Races Affairs) ပြည်နယ်/တိုင်းဒေသကြီး (သို့) ဇုန်များသည် ‘တိုင်းရင်းသား

---

[၆] မြန်မာနိုင်ငံသည် လက်ရှိတွင် ဖွဲ့စည်းပုံယူနစ် (၁၆) ခုဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ ပြည်နယ် (၇) ခုနှင့် တိုင်းဒေသကြီး (ယခင် တိုင်းဟု ခေါ်) (၇) ခုတို့ ဖြစ်သည်။ အခြားတိုင်းရင်းသားအုပ်စု အများအပြားရှိသော်လည်း ပြည်နယ် (၇) ခု၏ အမည်များသည် အဓိကတိုင်းရင်းသားအုပ်စု (၈) ခုအနက် (၇) ခု၏ အမည်များ (ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့) ဖြစ်သည်။ ယင်းလူမျိုးများသည် မူလတွင် ပြည်နယ်တစ်ခုစီ၏ လူများဟုလူမျိုးစုများဖြစ်သည်ဟု မှတ်ယူကြသည်။ တိုင်းဒေသကြီး/တိုင်း (၇) ခု၏ အမည်များသည် သမိုင်းတွင် ရှည်ကြာစွာတည်ရှိလာခဲ့သည့် ပထဝီနယ်မြေဆိုင်ရာ အမည်များကို အခြေခံထားသည်။ အခြားသော ပြည်နယ်များနည်းတူ တိုင်းဒေသကြီး (၇) ခုတွင် အခြားသော တိုင်းရင်းသားများ ရှိသော်လည်း ဗမာတိုင်းရင်းသားအုပ်စုသည် လူများစုတိုင်းရင်းသားအုပ်စုများဖြစ်သည်ဟု မှတ်ယူကြသည်။ ပအိုဝ်း၊ လားဟူ၊ ပလောင် အစရှိသည့် အခြားသော တိုင်းရင်းသားအုပ်စုများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြည်နယ်များ မရှိကြပါ။ သို့သော် ယင်းတိုင်းရင်းသားအုပ်စုအချို့သည် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များ ရှိကြသည်။

ရေးရာဝန်ကြီး’ ကို ခန့်အပ်နိုင်သည်။ လူဦးရေအနည်းဆုံး (၀.၁) ရှိသော မည့်သည့် ပြည်နယ်/တိုင်းဒေသကြီး (သို့) ဇုန်မဆို ယင်းပြည်နယ်/တိုင်းဒေသကြီး (သို့) ဇုန်တွင် ကိုယ်စားပြုခွင့် ရှိသည်။ ၎င်းသည် တိုင်းရင်းသား စုံလင်ကွဲပြားမှုအချို့ကိုရှိစေသည်။ သို့သော် တစ်ချိန်တည်းတွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများက အများစုဖြစ်သောဒေသများတွင် ဗမာတိုင်းရင်းသားများအတွက် ကိုယ်စားပြုခွင့် ရရှိစေသည်။ ပြည်နယ်/တိုင်းဒေသကြီး (သို့) ဇုန်အဆင့်တွင်သာ ကိုယ်စားပြုခွင့်ရှိသည့် ဤတိုင်းရင်းသားရေးရာကြီးများသည် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ရှိနေသည်။ အကြောင်းမှာ ၎င်းတို့၏ အခန်းကဏ္ဍကို သမ္မတကသာ ဆုံးဖြတ်ပေးသောကြောင့်ဖြစ်သည်။ ဤကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုမှုသည် (ပြည်နယ်/တိုင်းဒေသကြီးများတွင် လူနည်းစုတိုင်းရင်းသားအုပ်စုများ ဖြစ်သော) လူနည်းစုများအတွင်းရှိ လူနည်းစုများကို အသိအမှတ်ပြုမှုဖြစ်ပြီး အဓိကလူမျိုးစုလူနည်းစုအုပ်စုများကို အသိအမှတ်ပြုမှု မဟုတ်ပါ။

(ဂ) **အကန့်အသတ်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေး** - ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဇုန်များနှင့် တိုင်းများ (Limited Self-Governance: Self-administered Zones and Divisions) - တိုင်းရင်းသားအုပ်စုအချို့အတွက် ဇုန်အဆင့်ကို ၁၉၉၄ ခုနှစ် အမျိုးသားညီလာခံ၏ အစည်းအဝေးများတွင် သတ်မှတ်ခဲ့သည့် နယ်မြေဒေသများ၏ အဆင့်သတ်မှတ်မှုဆိုင်ရာ လျှောက်ထားမှုလုပ်ငန်းစဉ်မှတစ်ဆင့် ခွင့်ပြုခဲ့သည်။ ပြည်နယ်ရှိထားပြီးသည့် တိုင်းရင်းသားအုပ်စုများကို ဇုန်အဆင့်အတွက် လျှောက်ထားခွင့် မပြုခဲ့ပေ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဆင့်အတွက် လျှောက်ထားခဲ့သည့် တိုင်းရင်းသားအုပ်စု (၁၅) စုအနက် (၆) စုသာ ဇုန်အဆင့်ကိုရရှိခဲ့ကြပြီး ကျန်အုပ်စုများသည် ကိန်းဂဏန်းအရေအတွက်နှင့်များစွာ သက်ဆိုင်သည့် သတ်မှတ်ချက်များနှင့် မပြည့်မီခဲ့ကြပါ။ ဇုန်များတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များရှိကြသည်။ သို့သော် ဇုန်များ၏ ခေါင်းဆောင်များကိုလည်း ပြည်ထောင်စုအစိုးရက ထိန်းချုပ်ထားသည်။ အကြောင်းမှာ နိုင်ငံတော်သမ္မတသည် ဝေဝါးသည့် အကြောင်းပြချက်ဖြင့် ၎င်းတို့၏ သက်တမ်း (၅) နှစ် မကုန်ဆုံးမီ၌ ၎င်းတို့ကို ထုတ်ပယ်နိုင်သည့် အာဏာရှိသောကြောင့်ဖြစ်သည်။ ဇုန်များ၏ ဥပဒေပြုစာရင်း (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား-၃) သည် အလွန်ကျဉ်းမြောင်းသဖြင့် ဇုန်များ၏ ဥပဒေပြုရေးအာဏာမှာလည်း အကန့်အသတ်ဖြင့် ရှိနေသည်။ ဤနေရာတွင် မှတ်သားသင့်သည့် အချက်မှာ ဇုန်တစ်ခုအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဆင့်ကို သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ပြုလုပ်ခဲ့သည့် ကျယ်ပြန့်သော အပစ်ခတ်ရပ်စဲရေးဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် (ဝ၊ ကိုးကန့်၊ ပအိုဝ်းနှင့် ပလောင် စသည့်) တိုင်းရင်းသားအုပ်စုအချို့ကို ပေးခဲ့ခြင်းသည်။ ဓနုတိုင်းရင်းသားသည် လက်နက်ကိုင်အဖွဲ့ဘယ်သောအခါမှ မရှိခဲ့သည့် ဇုန်အဆင့်ရသည့် တစ်ခုတည်းသော တိုင်းရင်းသားအုပ်စုဖြစ်သည်။ ထို့အပြင် နာဂဇုန်သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသော တစ်ခုတည်းသော ဇုန်ဖြစ်သည်။ ကျန်ဇုန်များသည် ရှမ်းပြည်နယ်တွင် စုစည်းတည်ရှိနေသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမှတ်ပြုမှုသည် အထက်တွင် ဖော်ပြခဲ့သည့် ဒုတိယအသိအမှတ်ပြုမှုပုံစံနှင့် ဆင်တူသည်။ (ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်/ပြည်ထောင်စုအဆင့်နှစ်ခုလုံးတွင် လူနည်းစုတိုင်းရင်းသားအုပ်စုများ ဖြစ်ကြသော) လူနည်းစုများထဲမှ လူနည်းစုများကို အသိအမှတ်ပြုမှုဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် တိုင်းရင်းသားလူမျိုးများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများအပြင် တိုင်းရင်းသားအုပ်စုများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အောက်ပါအခွင့်အရေးများကိုလည်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တွေ့နိုင်ပါသည်။





(ဃ) **အခြေခံအခွင့်အရေးများကို ကာကွယ်ခြင်း (Fundamental Rights protection)** - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများ၏ တစ်ဦးချင်းနှင့် စုပေါင်းအခွင့်အရေးများ ပါဝင်သည့် အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်အချို့ပါရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံကဲ့သို့သော ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံတစ်ခုတွင် တရားစီရင်ရေးမဏ္ဍိုင်၏ သီးခြားလွတ်လပ်မှုသည် အားနည်းပြီး မထိရောက်သည့်အပြင် ခိုင်မာအားကောင်းလေ့မရှိသောကြောင့် ယင်းအခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် အာဏာသက်ရောက်စေခြင်းတို့သည် လက်တွေ့တွင် အာမခံချက်မရှိသလောက်ပင်ဖြစ်သည်။ ထို့အပြင် အခြေခံအခွင့်အရေးများကို ကာကွယ်ရာတွင် တက်တက်ကြွကြွရှိရန် မျှော်လင့်ထားကြသည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသည် လုံးဝနှုတ်ဆိတ်နေလာခဲ့သည်။

(င) **နိုင်ငံတော်အဆင့်တွင် တိုင်းရင်းသားမဲဆန္ဒရှင်များ၏ကိုယ်စားပြုမှု (Representation of Ethnic Voters at national level)** - ဗမာတိုင်းရင်းသားအများစုကို အခြေခံသည့် တိုင်းဒေသကြီး (၇) ခုနှင့် ဗမာမဟုတ်သည့် တိုင်းရင်းသားအုပ်စုများကို အခြေခံသည့် ပြည်နယ် (၇) ခုတို့ကို ဖွဲ့စည်းခြင်းသည် အမှန်တကယ်တွင် နိုင်ငံတော်အဆင့်၌ အဓိက တိုင်းရင်းသားအုပ်စုများ၏ ကိုယ်စားပြုမှုကို မထင်ဟပ်ပါ။ ယင်းသည် ပြည်နယ် (သို့) တိုင်းဒေသကြီးတစ်ခုချင်းအတွက် အရေအတွက်တူညီသောအမတ်နေရာ သတ်မှတ်ပေးထားသည့် ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော် (သို့) အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားမဲဆန္ဒရှင်များ၏ ကိုယ်စားပြုမှုကို ခွင့်ပြုခြင်းသာဖြစ်သည်။ ထို့ကြောင့် အထက်လွှတ်တော်၏ ရွေးကောက်ခံကိုယ်စားလှယ်များသည် တိုင်းရင်းသားအရေးကိစ္စများအတွက် ပြောဆိုမှုများပြုလုပ်နိုင်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲထားမှုပုံစံအရ ၎င်းတို့သည် ၎င်းတို့၏ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ (ပြည်နယ်များသို့မဟုတ် တိုင်းဒေသကြီးများ) အတွက် အဓိကပြောဆိုဆွေးနွေးရန် အားပေးထားသည်။

အချုပ်ဆိုရသော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူနည်းစုများအတွင်းမှ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို လုံလောက်စွာအကာအကွယ်ပေးထားခြင်း မရှိပါ။ ယင်းတိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရန် အောက်ပါလိုက်လျောညီထွေဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ၄.၃) မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားစရာများ

သမိုင်းကြောင်းအရ မြန်မာနိုင်ငံ၏ လူမျိုးစုလူနည်းစုများသည် လိုက်လျောညီထွေဖြစ်အောင် ၎င်းတို့၏ လိုလားချက်များကို ထိရောက်စွာ (သို့) လုံလောက်စွာ ဖြည့်ဆည်းပေးခဲ့ခြင်း မရှိပါ။ ယင်းသည် နိုင်ငံအတွင်းရှိ ရှည်ကြာလှသော ပဋိပက္ခနှင့် ပြည်တွင်းစစ်၏ အရင်းခံအကြောင်းရင်းတစ်ခုဖြစ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးပေါ်ထွန်းလာရန်အတွက် တိုင်းရင်းသား လူနည်းစုများအား လိုက်လျောညီထွေ ဖြစ်စေသည့် ဖက်ဒရယ်စနစ်တစ်ခုကို ဖော်ဆောင်သွားသင့်ပါသည်။ ယခုစာတမ်းသည် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ်တစ်ခုဖော်ဆောင်ရန် တာဝန်ရှိသူမည်သူမဆိုအား လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုလိုပါသည်။

၁) တိုင်းရင်းသားအုပ်စုများအကြား တန်းတူရေးကို မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အသိအမှတ်ပြုပြီး အာမခံချက်ပေးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားတန်းတူရေးသည် မြန်မာနိုင်ငံကဲ့သို့သော လူမျိုး

ပေါင်းစုံနေထိုင်သည့်နိုင်ငံတွင် စုံလင်ကွဲပြားသော တိုင်းရင်းသားအုပ်စုများအကြား စည်းနှောင်ပေးနိုင်သည့် အရာတစ်ခုဖြစ်နိုင်သောကြောင့် ဖြစ်သည်။



၂) လူနည်းစုများအတွင်းမှ လူနည်းစုများကို အစိုးရအလွှာအသီးသီး (ဖက်ဒရယ်၊ ပြည်နယ်/တိုင်းနှင့် ဒေသန္တရ) တွင် အကာအကွယ်ပေးထားသင့်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိပထဝီနယ်မြေယူနစ်များသည် တိုင်းရင်းသားယဉ်ကျေးမှုအရ ပို၍စုံလင်ကွဲပြားလာသောကြောင့် ကြီးစိုးမှုရှိသော ယဉ်ကျေးမှုအုပ်စု၏ ယဉ်ကျေးမှုဆိုင်ရာ အတင်းအဓမ္မသွတ်သွင်းမှုကို ကြိုတင်တားဆီးနိုင်ရန်အတွက် ဖြစ်သည်။

၃) ပထဝီနယ်မြေအရ စုပြုံနေမှု (သို့) ပြန့်ကျဲနေမှုအပေါ်မူတည်၍ တိုင်းရင်းသားလူနည်းစုများကို ပထဝီနယ်မြေအခြေပြု ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့) ပထဝီနယ်မြေအခြမပြုသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးတို့ကို ပေးအပ်သင့်ပါသည်။ သို့မှသာ ယင်းတိုင်းရင်းသား လူနည်းစုများသည် ၎င်းတို့၏ ထူးခြားသောအမှတ်လက္ခဏာနှင့် သက်ဆိုင်မှုခံစားချက်ကို တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

၄) အစိုးရအလွှာအသီးသီး (ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရ) တွင် ဘုံအမှတ်လက္ခဏာခံစားချက်ကို တည်ဆောက်သွားသင့်ပါသည်။ သို့မှသာ လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခုတွင် စုံလင်ကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားနိုင်ပြီး ရေရှည်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး တိုင်းပြည်အစိတ်စိတ် အမွှာမွှာပြိုကွဲသွားခြင်းကို ကြိုတင်တားဆီးနိုင်မည် ဖြစ်သည်။

၅) လူမျိုးစုလူနည်းစုများကို လိုက်လျောညီထွေဖြစ်စေသည့် ရွေးချယ်မှု (ဥပမာ - ပထဝီနယ်မြေကို အခြေမခံသည့် ကိုယ်ပိုင်အုပ်ချုပ်မှုကို ကျင့်သုံးသည့်နည်းလမ်းများ၊ သို့မဟုတ်/နှင့် ဘုံအမှတ်လက္ခဏာခံစားချက်ကို တည်ဆောက်သည့်နည်းလမ်းများ) သည် အာဏာကို ဗဟိုကချုပ်ကိုင်ထားသည့် အထက်-အောက်ချဉ်းကပ်မှုများထက် အာဏာကို ဖြေလျှော့ထားသည့် (ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးငြင်းခုံခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပါဝင်သည့်) အောက်ခြေမှအထက်သို့ ချဉ်းကပ်မှုများမှတစ်ဆင့် ထွက်ပေါ်လာသင့်သည်။

၆) လူမျိုးစုလူနည်းစုအုပ်စုများအတွက် မည်သည့်လိုက်လျောညီထွေဖြစ်စေသည့် အစီအမံကို လက်ခံကျင့်သုံးသည်ဖြစ်စေ လူနည်းစုအုပ်စုများကို လိုက်လျောညီထွေဖြစ်စေခြင်းအစီအစဉ်၏ ဖြစ်လာနိုင်ချေရှိစေသည့် ပြဿနာတစ်ခုဖြစ်သော 'ယဉ်ကျေးမှုပေါင်းစုံဆိုင်ရာ ထိခိုက်ခံစားလွယ်မှုဝိရောဓိ' ကိုလက်ခံသင့်ပြီး ၎င်းကိုကိုင်တွယ်ဖြေရှင်းသည့် သင့်လျော်သည့်အစီအမံများကို လက်ခံကျင့်သုံးသွားသင့်သည်။ လိုက်လျောညီထွေဖြစ်စေသည့် အစီအစဉ်များကြောင့် ဩဇာအာဏာပိုနည်းပါးသည့် အုပ်စုအဖွဲ့ဝင်အချို့က အချိုးမညီစွာပေးဆပ်ရမှု မရှိစေရန် ဖြစ်သည်။



အခန်း (၅)

# နိဂုံး

ဖက်ဒရယ်စနစ်သည် စနစ်တကျရေးဆွဲဖော်ဆောင်လျှင် လူမျိုးပေါင်းစုံလူမှု အသိုင်းအဝန်းအတွင်းရှိ လူမျိုးပေါင်းစုံတို့က ရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လုပ်ပိုင်ခွင့်အာဏာများကို အစိုးရအရပ်ရပ်အကြား ဒေါင်လိုက်အားဖြင့်လည်းကောင်း၊ အစိုးရတစ်ရပ်ချင်း၏ မတူညီသော အင်စတီကျူးရှင်းများအကြား အလျားလိုက်အားဖြင့်လည်းကောင်း မျှဝေကျင့်သုံး (သို့) ဖြန့်ဖြူးထားသောကြောင့် ဖြစ်သည်။ ထိုသို့ အာဏာမျှဝေကျင့်သုံးခြင်းသည် လူမျိုးစုလူများစုနှင့် လူမျိုးစုလူနည်းစု အုပ်စုနှစ်ခုလုံး၏ အာဏာရှင်ဆန်မှုကို ကြိုတင်ကာကွယ်ရာတွင် အထောက်အကူပြုနိုင်သည့်အပြင် တစ်ချိန်တည်းတွင် လူမျိုးစု (သို့) တိုင်းရင်းသားလူနည်းစု အုပ်စုများ၏ ကိုယ်ပိုင်အစိုးရ/အုပ်ချုပ်ရေးဆိုင်ရာ လိုလားချက်များနှင့် အချို့သော အခြေအနေများတွင် ထူးခြားသော လူမျိုးများအဖြစ် အသိအမှတ်ပြုခံလိုသည့် ဆန္ဒများကို လိုက်လျောပေးရာတွင်လည်း အထောက်အကူပြုနိုင်သည်။ ဖက်ဒရယ်စနစ်သည် လူမျိုးပေါင်းစုံ (သို့) တိုင်းရင်းသားပေါင်းစုံ နိုင်ငံတစ်ခုက ကြုံတွေ့ရသည့် ပြဿနာအများအပြားအတွက် ဖြစ်နိုင်ချေရှိသည့် အဖြေတစ်ခုဖြစ်နိုင်သဖြင့် မဖြစ်မနေ ညှိနှိုင်းဆွေးနွေးရမည့် မျှဝေအုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ မရှိမဖြစ်အရေးကြီးသည့် ဖက်ဒရယ်အစီအမံများကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းမပြုမီ ၎င်းတို့ကို ဦးစွာ နားလည်သဘောပေါက်ထားရန် အရေးကြီးပါသည်။ အပိုင်း (၃.၃) တွင် ရှင်းပြထားသည့် လူမျိုးစု လူနည်းစုအုပ်စုများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးသည့် အထူးအစီအမံများကို ကျင့်သုံးနိုင်သော်လည်း မှတ်သားထားသင့်သည့်အချက်မှာ တိုင်းရင်းသားပေါင်းစုံဖက်ဒရယ်စနစ်၏ အောင်မြင်မှုသည် အချို့သော တိုင်းရင်းသားအုပ်စုများ (သို့) ဖက်ဒရယ်အဖွဲ့ဝင်ယူနစ်များ၏ ခွဲထွက်ရေးကို အားပေးရာ ရောက်သွားနိုင်ခြင်း ဖြစ်သည်။ ယင်းသည် အခြားတိုင်းရင်းသားအုပ်စုများ (သို့) ဖက်ဒရယ်အဖွဲ့ဝင်ယူနစ်များမှ ၎င်းတို့၏ခွဲထွက်ရေး အခွင့်အရေးများကို ဖက်ဒရယ်နိုင်ငံတစ်ခု အစိတ်စိတ်အမွှာမွှာပြိုကွဲသွားသည့် အခြေအနေရောက်သွားသည့်အထိ တောင်းဆိုရန်လှုပ်ဆော်သွားနိုင်သည်။

လွတ်လပ်ရေးရပြီးကတည်းက ရှည်ကြာပြီး ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခနှင့် ပြည်တွင်းစစ်များဖြစ်ပွားနေသည့် မြန်မာနိုင်ငံကဲ့သို့သော တိုင်းရင်းသားပေါင်းစုံရှိသည့် နိုင်ငံတစ်ခုတွင် ဖက်ဒရယ်စနစ်သည် လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းစစ်များ၏ အရင်းခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းပေးသည့် ရွေးချယ်စရာ အစီအမံတစ်ခုဖြစ်နိုင်သည်။ နိုင်ငံ၏ သမိုင်းကြောင်းသည် လူများစုဗမာလူမျိုးနှင့် လူနည်းစု ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ အကြား အာဏာချိန်ခွင်လျှာကို ထိန်းညှိသည့် ရုန်းကန်လှုပ်ရှားမှုများဖြင့် ပြည့်နှက်နေပါသည်။ နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးအချို့ကို အခွင့်အရေးအချို့ပေးထားသည့် ပြဋ္ဌာန်းချက်အချို့ ပါရှိသော်လည်း ၎င်းတို့သည် သင်္ကေတဆန်သည့် သဘောမျှသာဖြစ်ပြီး နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးရာတွင် အနှစ်သာရပိုင်းတွင် အလှမ်းဝေးနေသည်။ လူမျိုးစုလူနည်းစုများ၏ အခွင့်အရေးများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့) အဖွဲ့ဝင်ယူနစ် များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရန် ထည့်သွင်းစဉ်းစားသည့်အခါ လူမျိုးစုလူနည်းစုများ၏ လိုလားချက် များကို ဖြည့်ဆည်းပေးသည့် ရှိထားပြီးသား အစီအမံများကို ပို၍ဖက်ဒရယ်ဆန်အောင် ပြုလုပ်သွားသင့်ပြီး မြန်မာနိုင်ငံတွင် ‘လူမျိုးစု လူနည်းစုများ (national minorities)’ စကားရပ်သည် လူနည်းစုအမျိုးအစား (၃) မျိုး ပါဝင်သင့်ပါသည်။ ၎င်းအမျိုးအစား (၃) မျိုးမှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် လူများစုအုပ်စုများ ဖြစ်သော်လည်း နိုင်ငံတော်/ပြည်ထောင်စုအဆင့်တွင် လူနည်းစုများဖြစ်နေသည့် လူမျိုးစုလူနည်းစုများ၊ နိုင်ငံတော်အဆင့်တွင် လူများစုများဖြစ်သော်လည်း အဖွဲ့ဝင်ယူနစ်များတွင် လူနည်းစုများဖြစ်နေသည့် လူနည်းစုများအတွင်းမှ

လူနည်းစုများနှင့် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှစ်ခုစလုံးတွင် လူနည်းစုအုပ်စုများ ဖြစ်နေ သည့် လူမျိုးစုလူနည်းစုများ ဖြစ်ကြသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူမျိုးစုလူနည်းစုများ၏ လိုလားချက်များကို ဖြည့်ဆည်း ပေးရာတွင် လုံလောက်မရှိပါ။ တိုင်းရင်းသားစုံလင်ကွဲပြားမှုဆိုင်ရာကိစ္စကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်း ရန်ကြိုးပမ်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုသည် လက်နက်ကိုင်ပဋိပက္ခအားလုံးကို အဆုံး သတ်ရန်နှင့် နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရေးတို့တွင် အထောက်အကူပြုနိုင်ရန် အလွန်အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ (ဗမာနှင့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ) သည် ၎င်း တို့အားလုံးက လက်ရှိတွင် မူအရလက်ခံထားပြီးဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟူသည့် နိုင်ငံရေးရည်မှန်းချက်တစ်ခုအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်လာကြသည်မှာ နှစ်ပေါင်း (၇၀) ကျော် လာပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်း သော ဖက်ဒရယ်စနစ်တစ်ခု တည်ဆောက်ရေးဆိုင်ရာ အသေးစိတ်အချက်များကို ငြိမ်းချမ်းစွာ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးနိုင်သည့်ဆုံရပ်များ (platforms) ကို ဖန်တီးပေးရမည့် အချိန်တန်နေပြီဖြစ်သည်။



# ကျမ်းကိုးစာရင်း (References)


Bečka, J. (1991). Burma-"Divide et impera"? BritischeMinderheitenpolitik in Burma 1917–1948. By Roland Bless. Stuttgart: Franz Steiner Verlag, 1990. Pp. xx, 376. Maps, Tables, Notes, Index, Bibliography. *Journal of Southeast Asian Studies*, 22(2), 414-416.

Bisarya, S., (2020). Protecting Ethnic Minorities within Minorities. International IDEA.

Chadda, M. (2006). *Minority rights and conflict prevention: Case study of conflicts in Indian Jammu and Kashmir, Punjab and Nagaland*. Minority Rights Group International.

Crouch, M. (2015). Ethnic Rights and Constitutional Change: The Constitutional Recognition of Ethnic Nationalities in Myanmar/Burma. *Forthcoming) A Harding (ed) Constitutional Reform and Legal Change in Myanmar., UNSW Law Research Paper*, (2015-11).

Downing, Jared (2017, April 11) 'Myanmar 101: British Burma.' *Frontier Myanmar.* https://www.frontiermyanmar.net/en/myanmar-101-british-burma/

Jackson-Preece, J. (2014). Beyond the (non) definition of minority.

Karmis, D., & Norman, W. (2005). The revival of federalism in normative political theory. In *Theories of Federalism: A reader* (pp. 3-21). Palgrave Macmillan, New York.

Kymlicka, W. (2005). Federalism, nationalism, and multiculturalism. In *Theories of Federalism: A reader* (pp. 269-292). Palgrave Macmillan, New York.

O'Leary, B. (2001). An iron law of nationalism and federation? A (neo-Diceyian) theory of the necessity of a federal Staatsvolk, and of consociational rescue. *Nations and nationalism*, 7(3), 273-296.

Oo, Naw May (2010, April 1) 'The Same Old Road to Nowhere' *The IRRAWDDY.* https://www2.irrawaddy.com/article.php?art_id=18174&page=1

Rau, B. N. (1948). The Constitution of the Union of Burma. *Wash. L. Rev. & St. BJ, 23*, 288.

Shachar, A. (2000). On Citizenship and Multicultural Vulnerability. *Political Theory, 28*(1), 64–89.

Wansai, Sai (2016, May 23) 'Rebuttal: On Secession Clause and Panglong Agreement'. *BNI Multimedia Group.* https://www.bnionline.net/en/opinion/op-ed/item/1722-rebuttal-on-secession-clause-and-panglong-agreement.html

Watts, R. L. (2005). Comparing forms of federal partnerships. In *Theories of Federalism: A reader* (pp. 233-253). Palgrave Macmillan, New York. http://dx.doi.org/10.1007/978-1-137-05549-1_22



**ကျေးဇူးတင်လွှာ**

ဤသုတေသနစာတမ်းတိုကို ရေးသား ထုတ်ဝေနိုင်ရန် ငွေကြေးအရ ပံ့ပိုး ကူညီပေးခဲ့သော အဖွဲ့အစည်းအား အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဤစာတမ်းကို အကြောင်းအရာပိုင်း အားဖြင့် ဖတ်ရှုသုံးသပ်ပေးခဲ့ကြသော ENAC ၏ အမှုဆောင် ဒါရိုက်တာ အားလည်းကောင်း၊ ဖက်ဒရယ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံတကာပညာရှင်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအားလည်းကောင်း၊ ဤစာတမ်းတို၏ စာလုံးပေါင်းသတ်ပုံ များကို စိစစ်ပြင်ဆင်ပေးခဲ့သော ENAC သုတေသီနှင့် အလုပ်သင် သုတေသီများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြ အပ်ပါသည်။



**တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)**

**Ethnic Nationalities Affairs Center (Union of Burma)**